
# နန္ဒကျော်သူ

## လင်္ကာဝတ်စားကျွမ်း

ပ + ဒု နှစ်အုပ်တွဲ



နန္ဒကျော်သူ

# လက်ဝဲဓားကျွမ်း

(ဒုတိယပိုင်း ဇာတ်သိမ်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငယ်ဆူငယ်ချင်း

---

ရှောင်ဂေဟာ။
ကျင်းစန်း(၀၁)လုံလီသည် ကျင်းဂေဟာ၏ညှော်ခန်းအတွင်း ရောက်ရှိနေပြီ ဖြစ်ပါသည်။
ရှောင်ကောင်းသည် စားသောက်ဖွယ်ရာများ၊ အရက်များဖြင့် လိုလေသေးမရှိ ညှော်ခံလေသည်။
သို့သော်....
သူ၏ဇနီးသည် ကျူးဟုန်နှင့် သားဖြစ်သော ရှောင်အင်းတို့ကမူ ခေါ်ယူတွေ့ဆုံပေးခြင်း မရှိပါ။

ကျောင်းစန်း (ဝါ) လုံလီကလည်း မမေးပါ။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေကြလေတော့သည်။

* * *

ရှောင်ကောင်းက အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။

'ရော့....သောက်လိုက်ပါဦး'

လုံလီက အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်လေသည်။

ပြီးလျှင်....

'ကောင်းလိုက်တဲ့အရက်'

ဟု ချီးကျူးလိုက်လေသည်။

ရှောင်ကောင်း ပြုံးလိုက်သည်။



'ဒါ နှစ်တစ်ရာ ပန်းပေါင်းစုံအရက်လေ၊ စောစောက လာသွားတဲ့ ဧည့်သည်က လက်ဆောင် ပေးသွားတာပေါ့၊ မင်းကြိုက်ရင် တစ်လုံးလုံး ကုန်အောင်သာ သောက်ပေတော့'

လုံလီက ရယ်မောလိုက်လေသည်။

'အင်း....ငါက အရက်မသောက်ဘဲ နေခဲ့တာ ဆယ်နှစ်ကျော် ရှိသွားပါပြီ၊ ဒီကနေ့တော့ အရက်မူးအောင်သောက်ရလိမ့်မယ်'

'သိပ်ကောင်းတာပေါ့ကွာ'

ရှောင်ကောင်းကလည်း ရယ်မောလိုက်လေသည်။

တစ်ဖန်....

'ရော့....သောက်လိုက်ဦး'

နောက်ထပ် အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြန်သည်။

လုံလီက မငြင်းဘဲ အရက်ခွက်ကိုယူကာ မော့ချလိုက်လေသည်။

ရှောင်ကောင်းက....

'လုံလီ တို့မတွေ့ရတာ ဆယ်နှစ်နီးပါး ရှိခဲ့ပြီနော်'

ဟု စကားစလိုက်လေသည်။

လုံလီက....

'ဟုတ်တယ်'

ရှောင်ကောင်းက....

'ခေါ်သံမားဟူကျန်းနဲ့ မင်းယှဉ်ပြိုင်ပြီးတဲ့နောက်ပိုင်း တို့တစ်တွေ ကွဲကွာသွားခဲ့ကြရတယ်ဆိုတာကိုပါ မှတ်မိနေတယ်'

လုံလီက....

'ဟုတ်တယ်၊ ခေါ်သမားဟူကျန်းက ငါ့ကိုစိတ်ကုန်အောင် လုပ်သွားတာပဲ၊ သူ့ကြောင့် ခေါ်ကိုင်ချင်တဲ့စိတ်ပျောက်သွားတယ်၊ ငါက ခေါ်ကျွန်းမှာဆက်နေရင် ငါ့ဆီကိုလာပြီး ပညာပြိုင်တဲ့လူတွေနဲ့ ရင်ဆိုင်ရဦးမယ်၊ ငါသေသွားရင် အကြောင်းမဟုတ်ဘူး၊ ငါအနိုင်ရလိုက်ရင် လူသတ်မိသလို ဖြစ်နေဦးမယ်၊ ဒါကြောင့် ခေါ်ကျွန်းကနေစွန့်ခွာပြီး ဇာတ်မြှုပ်နေလိုက်ဖို့ ဆုံးဖြတ်လိုက်တာပဲ'

ရှောင်ကောင်းက....



'မင်းက ဇာတ်မြှုပ်လိုက်မယ်ဆိုရင်လဲ ငါတို့ကိုတော့အသိပေးခဲ့သင့်တာပေါ့ကွာ'

လုံလီက....

'ငါသေသွားပြီလို့ သတင်းလွှင့်လိုက်တာ မင်းတို့က ငါ့အကြောင်းကိုသိနေရင် မင်းတို့ပါ အန္တရာယ် ရှိနိုင်တယ်လေ၊ ငါ့ကိုတွေ့ချင်တဲ့လူတွေက မင်းတို့ကိုလာပြီး နှောင့်ယှက်နိုင်တယ် မဟုတ်လား'

ရှောင်ကောင်းက ...

'လက်စသတ်တော့ မင်းက ငါတို့အပေါ် စေတနာထားခဲ့တာကိုး'

လုံလီ ပြုံးလိုက်လေသည်။

ရှောင်ကောင်းက....

'ငါတို့ကတော့ မင်း တကယ်ပဲ သေဆုံးသွားပြီလို့ ထင်နေမိကြတာ'

လုံလီက....

'အဲဒီအချိန်က ငါလဲ တကယ်ပဲ သေချင်ခဲ့တာပဲ'

'ခုကော'

'ခုတော့ ငါ့မှာ ဆောင်ရွက်စရာကိစ္စလေးတချို့ ရှိနေသေးတယ်'

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

'သေပြီလို့ သဘောင်းလွှင့်ပြီး ဆယ်နှစ်လောက် ဇာတ်မြုပ်ပျောက်ကွယ်နေပြီးမှ ခုလိုပြန်ပေါ်လာတာ အရေးကြီးတဲ့ အကြောင်းကိစ္စရှိလို့ဆိုတာ ငါတွေးမိတာပေါ့ကွာ'

လုံလီ သက်ပြင်းချလိုက်လေသည်။

သူက ပြီးဆုံးခဲ့သည့် ကိစ္စများကို ပြန်လည်မတွေးတောလိုတော့ပါ၊ အတိတ်မှဖြစ်ရပ်များသည် ရင်နာစရာကောင်းလှသည် မဟုတ်ပါလား။

ရှောင်ကောင်းက....

'ကဲ....မင်းမှာ ဘယ်လိုအခက်အခဲပြဿနာ ရှိနေသလဲဆိုတာ ပြောပါဦး'

ဟု မေးလေသည်။

လုံလီက....



'ငါက ချန်အန်းမြို့ကိုလာခဲ့တာ၊ ဇီးကွက်ဆိုတဲ့လူ တစ်ယောက်ကို ရှာဖွေချင်လို့ပဲ'

'ဇီးကွက်'

'ဟုတ်တယ်'

ရှောင်ကောင်း မျက်မှောင်ကြုတ်သွားသည်။

'နေပါဦး၊ မင်းက ဘာကြောင့် ဒုစရိုက်သမား တစ်ယောက်နဲ့ ပတ်သက်ချင်ရတာလဲ'

လုံလီက....

'အကြောင်းရှိလို့ပါ၊ ဇီးကွက်ကို ဘယ်လိုရှာရင်တွေ့မယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

ရှောင်ကောင်းက....

'သိတယ်၊ သူ့ကိုတွေ့ချင်ရင် အနောက်ဘက်မြို့စွန်က ဘုံကျောင်းကိုသွားပြီး ကျီးစာကျွေးလိုက်၊ သူက မင်းကိုဆက်သွယ်လာလိမ့်မယ်'

လုံလီက ပြုံးလိုက်သည်။

ဇီးကွက်နှင့်ကျီးကန်းမှာ ရန်သူငှက်များ ဖြစ်ကြသည်ကို တွေးမိ၍ ဖြစ်လေသည်။

'ကောင်းပြီလေ၊ ဇီးကွက်ကို ငါသွားရှာလိုက်ဦးမယ်'

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်လေသည်။

ရှောင်ကောင်းက....

'ဆောက်တုန်းရောက်ခိုက် ငါ့အိမ်မှာ မတည်းတော့ဘူးလားကွ'

လုံလီက....

'ငါ့မှာကိစ္စလေးတွေရှိနေသေးတယ်၊ နောက်မှပဲ လာခဲ့တော့မယ်'

ရှောင်ကောင်းက....

'လုံလီ မင်းအတွက် ငါက အမြဲတမ်း တံခါးဖွင့်ပြီး ကြိုဆိုနေမှာပါ'

လုံလီက ပြုံးလိုက်သည်။

ထို့နောက်....

ရှောင်ကောင်းကိုနှုတ်ဆက်ကာ ရှောင်ဂေဟာမှ ထွက်လာခဲ့လေတော့သည်။

* * *



ချန်အန်းမြို့၏အနောက်ဘက်မြို့စွန်တွင် ဘုံကျောင်းတစ်ခု ရှိသည်။

မြို့စွန်ကျပြီး လူပြတ်သော လမ်းကြားတစ်ခုအတွင်း၌ တည်ရှိခြင်းကြောင့် ဘုံကျောင်းမှာ စည်ကားမှုမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်နေလေတော့သည်။

ထို့အပြင်....

ဘုံကျောင်း၏ဝဲဘက်မြေကွက်လပ်တွင် ကျောက်ဖြင့် ထုလုပ်ထားသော ကျီးကန်းရုပ်တုတစ်ခု ထူးထူးခြားခြားရှိနေသေး၏။

ကျီးကန်းရုပ်တုအနီးတွင် ငှက်စာရောင်းသော အဘွားအိုတစ်ယောက်ရှိလေသည်။

လုံလီသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး အဘွားအိုထံသို့ လှမ်းသွားလိုက်သည်။

ငှက်စာအနည်းငယ် ဝယ်ယူလိုက်သည်။

တစ်ဖန်....

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်မှ ကျောက်ခုံတန်းလေးတစ်ခုပေါ်တွင် သွားရောက်ထိုင်ချလိုက်သည်။

ငှက်စာများကိုသည်း မလှမ်းမကမ်းသို့ ကြဲပက်လိုက်လေသည်။

သို့သော်....

ကျီးကန်းများ လာရောက်စားသောက်ကြသည်ကို မတွေ့ရပေ။

ပတ်ဝန်းကျင်တွင် ကျီးကန်း တစ်ကောင်တလေမှမတွေ့ရပါ။

လုံလီသည် အကြောချဉ်များကိုဖြေလျှော့ကာ ထိုင်ရင်းသစ်ပင်ကို ကျောမှီထားလိုက်လေသည်။

သူက အရက်အဇာတ်များများ သောက်ခဲ့ပါသည်။

ထို့ကြောင့်လည်း ဦးခေါင်းထဲ မူးနောက်ရီဝေနေလေသည်။

သူ၏မျက်လုံးထဲ၌ ရှောင်ကောင်းကို လည်းကောင်း၊ ကျူးဟုန်ကိုလည်းကောင်း မြင်ယောင်နေမိသည်။

ကျူးဟုန်နှင့် ရှောင်ကောင်းတို့သည် သူ၏ ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။



သူတို့သုံးယောက်ကို ဘယ်သောအခါမှ ခွဲခြားမရဘဲ တပူးတွဲတွဲ တွေ့မြင်ရလိမ့်မည်ဖြစ်လေသည်။

သူတို့သည် အချစ်ဆုံးသူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

သို့ပါလျက်....

ယခု ပြန်လည်ဆုံတွေ့ရချိန်ဝယ် ရှောင်ကောင်း၏ ဆက်ဆံရေးသည် အေးတိအေးစက်ဖြစ်နေသည်ဟု လုံလီ နားလည်မိလေသည်။

သူ့အား ဖော်ရွေပျူငှာစွာ ဆက်ဆံခဲ့သည်မှာလည်း ဟန်ဆောင်ဆက်ဆံခဲ့ခြင်းဖြစ်ကြောင်း လုံလီ ရိပ်မိ၏။

ရှောင်ကောင်းသည် ဇနီးသည်ကျူးဟုန်နှင့် တွေ့ဆုံပေးခြင်းမရှိခဲ့သည်က သူ၏ သဘောထားကို ပေါ်လွင်စေခဲ့လေသည်။

'ငါ ဓားကျွန်းကထွက်သွားပြီးတဲ့နောက်ပိုင်းမှာ ရှောင်ကောင်းနဲ့ ကျူးဟုန်တို့ အိမ်ထောင် ကျသွားကြတာပဲ၊ ရှောင်ကောင်းက ဘာကြောင့်များ ငါ့ကို ကျူးဟုန်နဲ့ မတွေ့စေချင်ရတာလဲ'

လုံလီ နားမလည်နိုင်တော့ပါ။

သူက နားလည်ရန်လည်း မကြိုးစားလိုပါ။

အရာရာအားလုံးကို မေ့ထားပစ်လိုက်ချင်သည် မဟုတ်ပါလား။

သို့သော်....

မေ့ထားလိုသည်ဆိုပါမှ အတိတ်ကဖြစ်ရပ်များက တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာနေတော့သည်။

* * *

အတိတ်ဟောင်း

---

ကျင်းလိမ်မြို့။

ကျင်းလိမ်မြို့သည် အလွန်စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ကျင်းလိမ်မြို့၏အရှေ့ဘက်တွင် စာပေပညာရှင်ကြီး ကျိုကိုချင်းယင် နေထိုင်လျက်ရှိပေသည်။

ဆရာကြီး ကျိုကိုချင်းယင်သည် စာပေ၊ ဂီတ၊ အနုပညာရပ် အသီးသီးကို ပြန့်ပွားလိုသည့်သဘောဖြင့် တပည့်များလက်ခံကာ သင်ကြားပေးလေသည်။

ထို့ကြောင့်....

ရပ်ဝေးရပ်နီးမှ စာပေပညာသင်ကြားလိုသူများက လာရောက်သင်ကြားကြလေသည်။

ထိုသို့ လာရောက်သင်ကြားကြသူများတွင် စီးဝူကန် ခါးကျွန်းမှ သခင်လေးလုံလီလည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။

လုံလီသည် ရှေးဟောင်းစာပေကျမ်းဂန်များကို သင်ယူဆည်းပူးလိုသဖြင့် ဆရာကြီး ကျိုကိုချင်းယင်ထံသို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ခါးကျွန်းပိုင်ရှင်သည် ပြိုင်ဘက်ကင်းသော ခါးသိုင်းကျမ်းများအား လေ့လာနိုင်ရန် သားဖြစ်သူ လုံလီကို စေလွှတ်လိုက်ခြင်းလည်းဖြစ်သည်။

အချို့သောသိုင်းကျမ်းများသည် ရှေးဟောင်းအက္ခရာများဖြင့် ရေးသားထားသည်ဖြစ်၍ ဖတ်ရှုလေ့လာရန် ခက်ခဲလှသည် မဟုတ်ပါလား။

လုံလီကဲ့သို့ပင် သူဌေးကြီးရှောင်ထင်းယန်၏သား ရှောင်ကောင်းသည်လည်း ပညာသင်ကြားရန် ရောက်ရှိလာသည်။

ထို့အတူ...

ယင်နန်နယ်မှ အလှမယ် ကျူးဟုန်သည်လည်း ရောက်ရှိလာသည်။



လုံလီ၊ ရှောင်ကောင်းနှင့် ကျူးဟုန်တို့သုံးယောက် ဆုံတွေ့မိလိုက်ကြသည်။

သူတို့သည် အလွန်ချစ်ခင်သော သူငယ်ချင်းများဖြစ်သွားကြလေသည်။

* * *

ငါးနှစ်....

ငါးနှစ်ဟူသောအချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားလေသည်။

လုံလီသည်ဝီရိယစိုက်ကာ ကြိုးစားခဲ့သဖြင့် ရှေးဟောင်းအက္ခရာစာပေကို ကောင်းစွာ တတ်မြောက်သွားခဲ့လေသည်။

ရှောင်ကောင်းနှင့် ကျူးဟုန်တို့သည်လည်း အသီးသီးသင်ယူကြသော ပညာများတွင် ထူးချွန်လာကြလေသည်။

သို့သော်....

ရှောင်ကောင်းနှင့် ကျူးဟုန်တို့သည် အခြားသော အနုပညာများကို သင်ကြားသည့်အပြင် ရှောင်ကောင်းက ကျင်းလိမ်မြို့ရှိ ထင်ရှားသော သိုင်းဆရာကြီးတစ်ယောက်ထံ၌ သိုင်းပညာကိုပါ လေ့လာဆည်းပူးနေသည်ဖြစ်ရာ ကျင်းလိမ်မြို့မှ မပြန်နိုင်ကြတော့ဘဲ နောက်ထပ် လေးငါးနှစ် ဆက်လက် နေထိုင်ကြရဦးမည် ဖြစ်လေသည်။

လုံလီကား ရှေးဟောင်းအက္ခရာစာပေ တစ်မျိုးတည်းကိုသာ သင်ကြားသူဖြစ်၍ ငါးနှစ်ပြည့်သည်နှင့် ပညာပြည့်စုံသွားပြီဖြစ်ရာ ဓားကျွန်းသို့ ပြန်ရတော့မည် ဖြစ်လေသည်။

သို့ဖြစ်ရာ....

သူငယ်ချင်းသုံးယောက်မှာ လမ်းခွဲရတော့မည့် အခြေအနေသို့ ရောက်ရှိလာလေတော့သည်။

*　　*　　*

လုံလီက အထုပ်အပိုး ပြင်ဆင်နေသည်။

သူက ဓားကျွန်းသို့ ပြန်ရတော့မည် ဖြစ်လေသည်။



ရှောင်ကောင်းသည် လုံလီကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေ၏။

လုံလီက ...

'ရှောင်ကောင်း မင်းဘာဖြစ်လို့ ငိုနေတာလဲကွ'

ဟု ရယ်ရယ်မောမောဖြင့် လှမ်းမေးလိုက်လေသည်။

ရှောင်ကောင်းက....

'အေးပေါ့လေ၊ မင်းက အိမ်ပြန်ရတော့မယ်ဆိုတော့ ရယ်နိုင်တာပေါ့ကွာ'

လုံလီက....

'ဘာဆိုင်လို့လဲကွ'

ရှောင်ကောင်းက....

'ဘာဆိုင်လို့လဲ ဟုတ်လား၊ ငါးနှစ်လုံးလုံး အတူသွား အတူစား ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြပြီးမှ မင်းက လမ်းခွဲသွားတော့မယ်ဆိုတော့ ကျန်ရစ်ခဲ့တဲ့ ငါတို့ရင်ထဲ ဘယ်လိုခံစားရမယ်ဆိုတာ စဉ်းစားကြည့်ပေါ့ကွာ'

လုံလီက....

'ဖြစ်ရလေ သူငယ်ချင်းရယ်၊ ကျင်းလိမ်မြို့နဲ့ ငါနေတဲ့ ဓားကျွန်းက ဘာများဝေးလို့လဲ၊ တကယ်တမ်း သွားချင် လာချင်ရင် တစ်နေ့ကို နှစ်ခေါက်သုံးခေါက်လောက်တောင် လာလို့သွားလို့ရတာပဲကွ၊ မင်းတို့ ငါ့ဆီကို လာလည်ပေါ့၊ ငါလဲ မင်းတို့ဆီကို လာလည်မှာပေါ့'

ရှောင်ကောင်းက....

'ဒါတော့ မင်းပြောမှလားကွ၊ လာလည်လို့ရတာ ငါတို့လဲ သိတာပေါ့'

လုံလီက....

'ဒါဖြင့် မင်းက ဘာပြောချင်လို့လဲ'

ရှောင်ကောင်းက....

'တို့တစ်တွေ အတူသွား အတူစား အမြဲတမ်း တတွဲတွဲ နေလို့မရနိုင်တာကို ပြောနေတာကွ'

'ဟား...ဟား....ဟား'

လုံလီက ရယ်မောလိုက်လေသည်။

ရှောင်ကောင်းက....



'မင်း ဘာရယ်တာလဲ'

လုံလီက....

'သဘောကျလို့ပေါ့'

'ဘာကွ'

'သဘောကျလို့ ရယ်တာပေါ့ကွာ၊ မင်း တော်တော် အတွေးခေါင်တာပဲကိုး'

ရှောင်ကောင်း မကျေမနပ် ဖြစ်သွားလေသည်။

'ငါက အတွေးခေါင်တယ် ဟုတ်လား'

'ဟုတ်တယ်'

'မင်း....မင်း'

လုံလီက လက်ကာပြလိုက်လေသည်။

'နေဦးလေ၊ ငါပြောတာကို ဆုံးအောင်နားထောင်ဦးမှပေါ့၊ လူဆိုတာ မွေးလာတော့လဲ တစ်ယောက်တည်း၊ သေသွားတော့လဲ တစ်ယောက်တည်းပဲ မဟုတ်လား'

'ဘာကွ'

‘မင်း စဉ်းစားကြည့်လေ၊ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံကြမယ်၊ ချစ်ခင်ကြင်နာကြမယ်၊ သံယောဇဉ် ဖြစ်ကြမယ်၊ ဒါပေမယ့် အချိန်တန်တဲ့အခါ အားလုံး ကိုယ့်အိမ်ကိုယ် ပြန်ကြရမယ်၊ အသီးသီးလမ်းခွဲသွားကြရမှာပဲ မဟုတ်လား’

ရှောင်ကောင်းက ဘာမှမပြောဘဲ နေလေသည်။

လုံလီက ဆက်ပြောလိုက်သည်။

‘ငါတို့မှာ တာဝန်အသီးသီးရှိကြတယ်၊ တို့ရဲ့တာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်နိုင်အောင် ဆက်ပြီးကြိုးစားကြရဦးမယ်၊ ဒီတော့ ငါတို့ဟာ အတူသွားအတူစား အတူ လည်ပတ်နေရုံနဲ့ မပြီးသေးဘူးလေကွာ’

ရှောင်ကောင်းသည် လူငယ့်ဘဝကို ပေါ့ပေါ့တန်တန် သဘောထားကာ ပျော်ပျော်ရွှင်ရွှင်နေသလောက် လုံလီက အလေးအနက်ထားသူ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှောင်ကောင်းက....

‘မင်းစကားတွေကလဲ ကြီးကျယ်လိုက်တာ၊ ကဲ.... ပြောစမ်းပါဦး၊ မင်းက ဘာတာဝန်တွေကို ထမ်းဆောင်ရမှာမို့လဲကွ’



လုံလီက....

‘ငါဟာ တစ်နေ့ကျရင် ဓားကျွန်းပိုင်ရှင် ဖြစ်လာလိမ့်မယ်၊ ဒီအခါ ငါ့ရဲ့မိဘ ဘိုးဘွားတွေရဲ့အမွေကို ဆက်ခံပြီး သိုင်းလောကမှာ ပြိုင်ဘက်ကင်း ဓားသမားတစ်ယောက် ဖြစ်လာအောင် ကြိုးစားရလိမ့်မယ်’

ရှောင်ကောင်းက မျက်လုံးပြူးကာ....

‘သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း ဓားသမားဟုတ်လား’

‘ဟုတ်တယ်လေ’

‘ဟား... ဟား.... ဟား’

ရှောင်ကောင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

လုံလီက....

‘မင်း ဘာရယ်တာလဲကွ’

ရှောင်ကောင်းက....

‘ပြိုင်ဘက်ကင်း ဓားသမားကြီးကို သဘောကျလို့ပေါ့’

လုံလီ ပြုံးလိုက်လေသည်။

ရှောင်ကောင်းက....

‘ငါလဲ သိုင်းပညာသင်နေတာကွဲ၊ မင်းက ပြိုင်ဘက်ကင်း ဓားသမားကြီး ဖြစ်သွားရင် ငါ့ကိုမမေ့နဲ့နော်’

လုံလီက....

‘ပြောနေရသေးသလားကွာ’

ရှောင်ကောင်းက....

‘မင်း....မင်းတို့ ဓားကျွန်းဟာ ဓားပညာနဲ့ ပတ်သက်ရင် နာမည်ကျော်ပေမယ့် သွားရောက်ယှဉ်ပြိုင်သူတိုင်း အသက် ဆုံးရှုံးရတာကြောင့် လူသတ်ပညာနဲ့ နာမည်ကျော်နေတာလို့ ငါတို့ကို သိုင်းသင်ပေးတဲ့ဆရာက ပြောတယ်ကွ’

ထိုစကားကြားလျှင် လုံလီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ၏မျက်နှာလည်း ခက်ထန်သွား၏။

သို့သော်....

ချက်ချင်းဣန္ဒြေဆည်လိုက်ပြီး ဘာမှမပြောဘဲနေလိုက်၏၊



ရှောင်ကောင်းက မရိပ်မိလိုက်ချေ။

‘နေပါဦးကွ၊ မင်းက ရှေးဟောင်း အက္ခရာစာပေကို လေ့လာသင်ယူခဲ့တာ မဟုတ်လား၊ သိုင်းပညာနဲ့ ဘာဆိုင်လို့လဲ’

ဟု မေးလာလေသည်။

လုံလီ သက်ပြင်းချလိုက်သည်။

‘အကြောင်းရှိလို့ပေါ့ကွာ’

‘ဘယ်လို အကြောင်းကြောင့်လဲဆိုတာ မပြောနိုင်ဘူးလား’

လုံလီက....

‘တို့အချင်းချင်းတွေပဲ၊ မပြောနိုင်စရာအကြောင်း မရှိပါဘူးကွာ၊ ငါ့အဖေဆီမှာ သိုင်းကျမ်းပုရပိုက် တစ်ဆူ ရှိတယ်၊ ရှေးဟောင်းအက္ခရာစာပေနဲ့ မှတ်တမ်းတင်ထားတဲ့ ဓားသိုင်းကျမ်းပဲ၊ အဲဒီဓားသိုင်းက ငါ့အဖေက လေ့ကျင့်ခဲ့ပေမယ့် တစ်ဝက်တစ်ပျက်လောက်ပဲ အဓိပ္ပာယ်ဖော်ထုတ်နိုင်ခဲ့တယ်၊ သိုင်းကျမ်းတစ်ခုလုံးကို အပြည့်အဝ လေ့လာနိုင်အောင် ငါက ရှေးဟောင်းအက္ခရာစာပေကို သင်ယူခဲ့ရတာပေါ့’

ရှောင်ကောင်းက....

'ဩော်....ဒီဓားသိုင်းကျမ်းကိုဘယ်သူ့ကိုမှကြည့်ခွင့်မပေးနိုင်ဘူးပေါ့၊ ဒါကြောင့် ကိုယ်တိုင် ရှေးဟောင်းအက္ခရာစာပေကို ဆည်းပူးသင်ကြားခဲ့ရတာပေါ့ ဟုတ်လား'

လုံလီက....

'ဟုတ်တယ်'

ရှောင်ကောင်းက....

'မင်းတို့က ဘာကြောင့် ဒီလောက်တောင် လျှို့ဝှက်ထားရတာလဲ'

လုံလီက...,

'သိုင်းသမားတစ်ယောက်ဆိုတာ လျှို့ဝှက်ချက် တစ်ခုတော့ရှိရမှာပေါ့ကွာ'

ရှောင်ကောင်းက....

'ထားပါတော့လေ၊ မင်းပြောတဲ့စကားတွေ ကျူးဟုန်ကို သွားပြီး ပြောပြလိုက်ဦး'

'ကျူးဟုန်'



'ဟုတ်တယ်၊ သူက မင်းအိမ်ပြန်တော့မှာမို့ စားမဝင်အိပ်မပျော် ဖြစ်နေတယ်'

လုံလီ ပြုံးလိုက်သည်။

'စိတ်ချပါကွာ၊ ငါက သူ့ကိုသွားတွေ့ဦးမှာပါ'

ဟု ပြောလိုက်လေသည်။

* * *

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

ရေဉ်ရွက်ကလေးများသည် ဝေ့ကာဝဲကာဖြင့် ကျဆင်းလာလေသည်။ အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်၌ လှပချောမောသော မိန်းကလေးတစ်ယောက် ထိုင်နေသည်။

ထိုမိန်းကလေးမှာ ကျူးဟုန်ဖြစ်လေသည်။

ကျူးဟုန်သည် ခေါင်းငုံ့ကာ သစ်ကိုင်းခြောက်လေး တစ်ခုဖြင့် မြေပေါ်တွင် ရေးခြစ်နေလေသည်။

သူမရေးခြစ်ထားသော စာလုံးများမှာ....

'အိမ်ပြန်ချိန်'

ဟူ၍ ဖြစ်လေသည်။

ရုတ်တရက်....

ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် ကျူးဟုန် အနီးသို့ ရောက်ရှိလာလေသည်။

ကျူးဟုန်က ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ လုံလီရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်....လုံလီ'

ကျူးဟုန် လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

လုံလီက....

'ဟုတ်တယ်၊ ငါအိမ်ပြန်တော့မလို့၊ နင့်ကိုလာပြီး နှုတ်ဆက်တာ'



ကျူးဟုန်က....

'နင် အိမ်ပြန်တော့မယ်ဆိုတာ ငါ သိပါတယ်'

လုံလီက....

'ဒါပေမယ့် ဒီကို ငါမကြာမကြာ လာခဲ့မှာပါ'

ကျူးဟုန် ခေါင်းခါယမ်းလိုက်သည်။

'နင်....လာနိုင်မှာ မဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'နင်က ဓားကျမ်းကို ပြန်ရောက်တာနဲ့ ဓားပညာလေ့ကျင့်ရတော့မယ်၊ နင် ဘယ်လိုလုပ် အားလပ်နိုင်ပါတော့မလဲ'

လုံလီ သက်ပြင်းချလိုက်လေသည်။

သူမ၏စကား သွေးထွက်အောင် မှန်နေသည် မဟုတ်ပါလား။

ဓားကျမ်းသို့ ပြန်ရောက်သည်နှင့် ဓားသိုင်းပညာကို အပြင်းအထန် လေ့ကျင့်သင်ကြားရတော့မည်မှာ သေချာလှပေသည်။

သူ့အတွက် အချိန်အား ရနိုင်တော့မည် မဟုတ်ပါ။

သူငယ်ချင်းများနှင့် သွားလာ လည်ပတ်နိုင်တော့မည် မဟုတ်ပါ။

ပြိုင်ဘက်ကင်း ဓားသမားတစ်ယောက် မဖြစ်မချင်း သူ့အတွက် အားလပ်ချိန်ရှိတော့မည် မဟုတ်ပေ။

လုံလီက....

'ငါမလာနိုင်တော့ နင်တို့လာခဲ့ပေါ့'

ဟု ပြောလိုက်ရလေသည်။

ကျူးဟုန်က....

'ငါတို့လာရမယ်'

'ဟုတ်တယ်လေ'

ကျူးဟုန် ရယ်မောလိုက်လေသည်။

'လုံလီရယ်၊ နင်ပဲပြောတတ်တယ်၊ ငါက မိန်းကလေးပါဟဲ့'

လုံလီက....



'အဲဒါ ဘာဖြစ်သလဲ'

ကျူးဟုန်က....

'မိန်းကလေးတစ်ယောက်က နင်တို့အိမ်အထိ လာလည်တယ်ဆိုတာ ကောင်းပါတော့မလား'

လုံလီက....

'ဘာဆိုင်လို့လဲ ငါ့အဖေကိုကြိုပြီး ပြောပြထားမှာပေါ့'

'နင့်အမေကော'

'ငါငယ်ငယ်ကတည်းက ကွယ်လွန်သွားခဲ့တယ်လေ'

ကျူးဟုန်က....

'ငါတို့လာလည်တာကို နင့်အဖေက ကြိုက်ပါ့မလား'

လုံလီက....

'ဖေဖေက ငါ့ကိုသိပ်ချစ်ပါတယ်၊ ငါ့ရဲ့သူငယ်ချင်းတွေကို ကြိုဆိုနေမှာပေါ့'

'အေး....တို့က သူငယ်ချင်းတွေပဲနော်'

'ဒါပေါ့'

ကျူးဟုန်သည် လုံလီအား စိုက်ကြည့်လိုက်သည်။

ပြီးလျှင် သက်ပြင်းချကာ....

'အေးလေ၊ ငါတို့ လာလည်ပါ့မယ်'

ဟု ပြောလေသည်။

လုံလီ ဝမ်းသာသွားလေသည်။

'ငါစောင့်နေမယ်၊ ဆက်ဆက်လာခဲ့ကြနော်'

'စိတ်ချ'

'ဒါဖြင့် ငါသွားမယ်'

'အေး....'

လုံလီက နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် နောက်ကျောမှလုံသလိုဖြစ်လာ၍ ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်၏။

ဤတွင်....



ကျူးဟုန်က သူ့အား ငေးကြည့်နေသည်ကို တွေ့ရလေသည်။

ရုတ်တရက်....

လုံလီ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ကျူးဟုန်ထံသို့ ချက်ချင်း ပြေးသွားလိုက်သည်။

ငါးနှစ်လုံးလုံး အတူနေခဲ့စဉ်က မည်သို့မျှသဘောမထားခဲ့သော်လည်း ခွဲခွာရတော့မည်ဆိုမှ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာခြင်းပင်။

လုံလီ ပင့်သက်ရှိုက်လိုက်သည်။

'တို့တစ်နေ့ ပြန်တွေ့ကြဦးမှာပေါ့'

ဟု စိတ်ထဲရေရွတ်ကာ လှည့်ထွက်လာခဲ့လေသည်။

ကျူးဟုန်ကား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့၏။

သူမထံမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသလို လုံလီထင်လိုက်မိလေသည်။

*　　*　　*

ခါးသမား

ကျူးဟုန်နှင့် ရှောင်ကောင်းတို့သည် ခါးကျွန်းသို့ လာရောက်လည်ပတ်မည်ဟု ပြောခဲ့ကြလေသည်။

သူတို့ပြောသည့်အတိုင်း ခါးကျွန်းသို့ အရောက်လာနိုင်ခဲ့ကြ၏။

သို့သော်....

သူတို့ လာရောက်လည်ပတ်ကြခြင်းတော့ မဟုတ်ပါ။

လုံလီ၏ဖခင် ခါးကျွန်းပိုင်ရှင် လုံဝေ၏ နာရေးကိစ္စကြောင့် လာရောက်ခဲ့ကြခြင်း ဖြစ်လေသည်။

လုံလီက ခါးကျွန်းသို့ပြန်သွားပြီး တစ်နှစ်ခန့်အကြာတွင် လုံလီ၏ဖခင် လုံဝေအား စိန်ခေါ်ယှဉ်ပြိုင်မည့် ခါးသမား တစ်ယောက် ထွက်ပေါ်လာလေသည်။

လုံဝေနှင့် ထိုဓားသမားတို့သည် ခါးကျွန်းပေါ်တွင် ခါးရေးယှဉ်ပြိုင်ခဲ့ကြလေသည်။

ပြိုင်ပွဲအပြီးတွင် စိန်ခေါ်သူခါးသမား သေဆုံးသွားခဲ့ပြီး လုံဝေ အနိုင်ရခဲ့လေသည်။

သို့တိုင်....

လုံဝေကိုယ်တိုင်လည်း ဒဏ်ရာများရရှိခဲ့ပြီး နောက်ဆုံး ထိုဒဏ်ရာများနှင့်ပင် သေဆုံးသွားခြင်း ဖြစ်လေသည်။

ကျူးဟုန်နှင့်ရှောင်ကောင်းတို့သည် လုံလီအတွက် စိတ်မကောင်းဖြစ်ခဲ့ကြလေသည်။

ကျူးဟုန်က....

'လုံလီ....နင်က ခါးပညာကို ဆက်ပြီး သင်ယူဦးမှာလား'

ဟု မေးလေသည်။

လုံလီက....



'ဆက်သင်ရမှာပေါ့၊ ဘာဖြစ်လို့လဲ'

'နင့်အဖေ ကွယ်လွန်သွားပြီ မဟုတ်လား'

'ဖေဖေမရှိတော့ပေမယ့် ရှေးဟောင်းသိုင်းကျမ်းကို ငါက ပြီးဆုံးအောင် ဆက်ပြီးလေ့ကျင့်သွားရမှာပဲ'

ကျူးဟုန်က....

'လုံလီရယ်၊ ခါးကိုင်ပြီး ယှဉ်ပြိုင်နေရတာ အန္တရာယ်များလှပါတယ်၊ ဘာကြောင့် ဒီအလုပ်မျိုး လုပ်ချင်ရတာလဲ'

ဟု စိုးရိမ်သောလေသံဖြင့် ပြောလေသည်။

လုံလီက....

'ဒါ ငါတို့ ဘိုးစဉ်ဘောင်ဆက် လုပ်ခဲ့ကြတဲ့အလုပ်ပဲ၊ ငါဆက်လုပ်ရမှာပေါ့'

ကျူးဟုန်က....

'ဒါကြောင့်လဲ ဝမ်းနည်းစရာတွေနဲ့ ကြုံတွေ့ခဲ့ရတာကို နှင် သင်ခန်းစာမယူတော့ဘူးလား'

လုံလီက....

'ငါဟာ ဓားသမားမျိုးနွယ်က ဆင်းသက်လာတာပါ၊ ဓားနဲ့ ဓားဘဝဟာ ငါ့အသက်ပဲ၊ ဓားသမားတစ်ယောက် တိုက်ပွဲမှာ အသက်စွန့်ရတာထက်မြတ်တာ မရှိဘူးလို့ ငါတို့ မျိုးနွယ်ဆက်အားလုံး ယုံကြည်လက်ခံလာကြတာပဲ'

ကျူးဟုန်က....

'တိုက်ပွဲတွေ၊ သွေးတွေ၊ မျက်ရည်တွေကြားမှာ နင်က ပျော်နိုင်တယ်ပေါ့ ဟုတ်လား'

လုံလီက အံကြိတ်လိုက်သည်။

'ငါ ဘယ်တော့မှ မရှုံးစေရဘူး'

'နင်....နင်'

'အခု ငါလေ့ကျင့်နေတဲ့ ရှေးဟောင်းဓားကျမ်းကို ငါ့ရဲ့ အဖေတောင်မှ ကုန်စင်အောင်မတတ်ခဲ့ဘူး၊ ငါက သိုင်းကွက်အားလုံး တတ်မြောက်မယ်ဆိုရင် ဘယ်သူက ငါ့ကို ယှဉ်နိုင်တော့မှာလဲ'

ကျူးဟုန်က....

'လုံလီ နင့်ရဲ့စိတ်ဓာတ်ဟာ ဒီလောက်တောင် ခက်ထန်လိမ့်မယ်လို့ ငါမထင်မိဘူး'



လုံလီ ခေါင်းခါယမ်းလိုက်သည်။

'ဓားသမားတစ်ယောက်ရဲ့စိတ်ကို နင် နားမလည်နိုင်ပါဘူး'

ကျူးဟုန် မဲ့ပြုံးပြုံးလိုက်သည်။

'နင်က ကိုယ့်ကိုယ်ကို နားလည်သဘောပေါက်ထားတယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'ဒါပေမယ့် တခြားလူတွေအပေါ်မှာ နင် ဘယ်တော့မှ သဘောပေါက်နားလည်နိုင်မှာ မဟုတ်ပါဘူး'

'ငါ...'

လုံလီ မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေခဲ့သော ရှောင်ကောင်းက....

'ကျူးဟုန် သွားပြောမနေနဲ့၊ ဒီကောင်က ဓားကလွဲပြီး ဘာကိုမှ စိတ်ဝင်စားမယ့်လူ မဟုတ်ဘူး'

ဟု ဝင်ပြောလိုက်လေသည်။

ကျူးဟုန်က....

'ဟုတ်ပါတယ်လေ၊ မကြာခင် ငါ့တို့ကိုပါ နှင်မေ့ သွားမှာပါ'

လုံလီ ဘာမှမပြောဘဲ နေလိုက်လေသည်။

သူ၏စိတ်ထဲ၌ ဓားသိုင်းကို ပြီးဆုံးအောင် လေ့ကျင့် လိုစိတ်သာ လွှမ်းမိုးနေသည် မဟုတ်ပါလား။

ကျူးဟုန်နှင့်ရှောင်ကောင်းတို့သည် လုံလီအား နှုတ်ဆက် ကာ ပြန်သွားကြလေသည်။

နောက်ပိုင်းတွင်....

ရှောင်ကောင်းက မကြာခဏ လာရောက်လည်ပတ်တတ် သော်လည်း ကျူးဟုန်က ရောက်မလာတော့ပါ။

လုံလီကလည်း မမျှော်ပါ။

ရှောင်ကောင်းရောက်လာလျှင်ပင် ကောင်းစွာ ညှော် ခြင်းမပြုနိုင်ချေ။

သူက ရှေးဟောင်းဓားသိုင်းကို သဲကြီးမဲကြီး လေ့ကျင့် နေသည် မဟုတ်ပါလား။



သို့ဖြင့်....

လုံလီတို့ သူငယ်ချင်းသုံးယောက်သည် အနေဝေးကာ တဖြည်းဖြည်းစိမ်းသွားကြသည်ဟု ဆိုနိုင်လေတော့သည်။

* * *

ယနေ့....

ယနေ့သည် လပြည့်နေ့ဖြစ်သည်။

ရှောင်ကောင်းသည် လုံလီရှိရာ ဓားကျွန်းသို့ အလည် အပတ်ရောက် ရှိလာလေသည်။

ယခုတစ်ကြိမ်....

ကူးတို့လှေကလေးကို ဓားကျွန်းသို့ ဆိုက်ကပ်လိုက်သည် နှင့် ထူးခြားမှုတစ်ခု ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဓားကျွန်းလှေဆိပ်တွင် အခြားကူးတို့လှေတစ်စီး ဆိုက် ကပ်ထားခြင်း ဖြစ်လေသည်။

ထိုလှေပေါ်တွင် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

လှေဖြင့်လိုက်ပါလာကြသူများသည် ကျွန်းပေါ်သို့ တက်သွားကြပြီဖြစ်ကြောင်း ထင်ရှားလေသည်။

'ညှို့သည်တွေရောက်လာကြတာ ထင်ပါရဲ့'

ရှောင်ကောင်းသည် ရှေ့ဆက်သွားသင့် မသွားသင့် ဝေခွဲမရဘဲဖြစ်သွား၏။

ထိုစဉ်….

'ယား'

'ခြိမ်း….ခြိမ်း….ခြိမ်း'

ဗြောသံပေးသံများ၊ သံ သံချင်း ပြင်းထန်စွာ ထိခိုက်မိသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ရှောင်ကောင်း ရင်ထိတ်သွားလေသည်။

ခါးကျွန်းပေါ်တွင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်မှာ ထင်ရှားလှသည်မဟုတ်ပါလား။



'ဒုက္ခပဲ၊ လုံလီတော့ ရန်သူတွေနဲ့ ရင်ဆိုင်နေရပြီ ထင်ပါရဲ့'

ဟု တွေးကာ ကျွန်းပေါ်သို့ ခပ်သွက်သွက် တက်လာခဲ့သည်။

အသံဗလံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်သွားလိုက်လေသည်။

အသံများသည် ခါးကျွန်းပေါ်ရှိ လုံလီ နေထိုင်သော အဆောက်အအုံ ရှေ့မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

လုံလီ၏ဖခင် ကွယ်လွန်သွားပြီးနောက်ထိုအဆောက်အအုံတွင် လုံလီနှင့် အိမ်ထိန်း အဘိုးအိုနှစ်ယောက်သာလျှင် ရှိတော့သည်။

ကျယ်ဝန်းလှသော ကျွန်းပေါ်တွင် လူသားနှစ်ယောက်တည်း နေထိုင်ရသည်မှာ အထီးကျန် ဆန်လွန်းလှပေသည်။

ရှောင်ကောင်းကား ထိုသို့သောအခြေအနေမျိုးတွင် နေနိုင်သည်မဟုတ်ပေ။

လုံလီကိုယ်စား ပျင်းရိနေတော့သည်။

ရှောင်ကောင်းသည် သစ်တောအုပ်ထဲမှဖြတ်ကာ ပြေးသွားပြီး မကြာမီ မြေကွက်လပ်အနီးသို့ ရောက်သွား၏။

မြေကွက်လပ်ပေါ်တွင် တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။

လုံလီနှင့် ခရမ်းရောင် ဝတ်ဆင်ထားသည့် အသက်လေးဆယ်ခန့်ရှိသူ တစ်ယောက်တို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

အခြားခရမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက်က မလှုပ်မကမ်းမှုရပ်ကာ စောင့်ကြည့်နေကြလေသည်။

ထိုခရမ်းရောင်ဝတ်ဆင်ထားသူ သုံးယောက်သည် အသက်လေးဆယ်ခန့်ရှိကြလေသည်။

ဝါရင့်သိုင်းသမားကြီးများလည်း ဖြစ်ပုံရသည်။

ရှောင်ကောင်း ထိတ်လန့်သွားသည်။

သစ်ပင်တစ်ပင် နောက်ကွယ်တွင် ကပျာကယာပုန်းကွယ်ကာ ချောင်းကြည့်နေလိုက်မိလေသည်။

လုံလီသည် လူငယ်လေးတစ်ယောက် ဖြစ်သော်လည်း လက်ထဲ၌ ဓားတစ်လက်ဆွဲကိုင်ကာ ရင်ဆိုင်တိုက်ခိုက်နေ၏။

သူ၏ ပုံသဏ္ဌာန်သည်လည်းကောင်း သိုင်းသမားတစ်ယောက်ကဲ့သို့ ရှိနေ၏။



အန္တရာယ်များလှသော တိုက်ပွဲကို ရင်ဆိုင်နေရသော်လည်း ကြောက်ရွံ့ထိတ်လန့်ပုံ လုံးဝမရှိချေ။

ယှဉ်ပြိုင်တိုက်ခိုက် နေရသည်ကိုပင် အကြိုက်တွေ့နေပုံရ၏။

ရှောင်ကောင်း စိတ်ပျက်သွားလေသည်။

ခရမ်းရောင်ဝတ်ထားသူ၏ လက်ချက်ဖြင့် လုံလီ ဒုက္ခရောက်သွားတော့မည်ဟု ထင်မိလေသည်။

'ဒီကောင်တော့ ဒုက္ခရောက်တော့မှာပဲ'

ဟု စိတ်ထဲမှ ညည်းတွားနေမိလေသည်။

မည်သို့ဆိုစေ....

လုံလီအား သွားရောက်ကူညီဖို့ မဝံ့ရဲဘဲဖြစ်နေ၏။

ရှောင်ကောင်း ချောင်းကြည့်နေစဉ်မှာပင် တိုက်ပွဲသည် တစ်ထက်တစ်စ ပြင်းထန်လာလေသည်။

လူရိပ်များ ရောထွေးသွားပြီး....

'ခြွမ်း'

‘အား’

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

လုံလီနှင့် ခရမ်းရောင်ဝတ်ဆင်ထားသူကို ပြိုင်တူနောက်ဆုတ်လိုက်ကြသည်ကို တွေ့ရ၏။

လုံလီက ဓားကိုဝဲဘက်လက်ဖြင့် ခပ်စွေ့စွေ့ ကိုင်ထားပြီး မလှုပ်မယှက်ရပ်နေသည်။

ခရမ်းရောင် ဝတ်ဆင်ထားသူ၏ ပခုံးတွင် အဝတ်အစားများစုတ်ပြဲကာ သွေးများစီးကျနေသည်ကို တွေ့ရလေသည်။

ထိုလူ ဒဏ်ရာရရှိသွားသော်လည်း လုံလီကား ဘာမှမဖြစ်ချေ။

ထို့ကြောင့် လုံလီအနိုင်ရရှိသွားခြင်းဖြစ်ကြောင်း ထင်ရှား နေပေတော့သည်။

ရှောင်ကောင်း ဝမ်းသာသွားလေသည်။

‘လုံလီ တယ်တော်ပါလား၊- ဒါရင့် သိုင်းသမားကြီး တစ်ယောက်ကိုတောင် အနိုင်ယူလိုက်နိုင်ပါလား’

ဟု စိတ်ထဲမှ ရေရွတ်မိလိုက်သည်။



လက်ခုပ်လက်ဝါးတီးကာ ချီးကျူးပေးလိုစိတ်များ ဖြစ်ပေါ်လာသည်။

အန္တရာယ်တစ်စုံတစ်ရာ ဖြစ်မည်ကိုတွေးကာ တုတ်တုတ်မျှ မလှုပ်ဘဲ နေလိုက်ရလေသည်။

ထိုစဉ်မြေကွက်လပ်မှစကားသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

‘ကဲ…ခင်ဗျားတို့သုံးယောက်စလုံး ဒဏ်ရာကိုယ်စီ ရသွားကြပြီ၊ ကျုပ်ကို ဘယ်လိုမှ မယှဉ်နိုင်ကြဘူးဆိုတာ ထင်ရှားနေပါပြီဗျာ’

လုံလီ၏ စကားသံဖြစ်လေသည်။

ထိုစကားကြားမှ ရှောင်ကောင်း သေသေချာချာ ကြည့်မိသည်။

မလှမ်းမကမ်း၌ ရပ်ကြည့်နေသည့် ခရမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက်သည်လည်း ဒဏ်ရာကိုယ်စီ ရရှိထားကြသည်ကို တွေ့ရ၏။

‘လက်စသတ်တော့ လုံလီက သူတို့ သုံးယောက်စလုံးကို အနိုင်ယူလိုက်တာကိုး’

ရှောင်ကောင်းသည် ကိုယ်တိုင်လည်း သိုင်းပညာသင်ယူနေသူမို့ လုံလီကို မနာလိုသလို ဖြစ်သွားလေသည်။

ခရမ်းရောင်ဝတ်ထားသူ သုံးယောက်က ရင်ပေါင်တန်းလိုက်ကြလေသည်။

သူတို့သုံးယောက်အနက် အသက်အကြီးဆုံးလူက....

'သခင်လေး လုံလီ၊ ကျုပ်တို့ ညီအစ်ကိုသုံးယောက်ဟာ ခရမ်းရောင်ဓားသုံးဖော်လို့ နာမည်ကျော်တာ လူတိုင်းသိကြပါတယ်၊ ကျုပ်တို့ရဲ့ တကယ့်ဓားသိုင်းက သုံးယောက်စုပေါင်းပြီး တိုက်ခိုက်မှ အစွမ်းထက်တာပါ၊ ခုတော့ သခင်လေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အတွေ့အကြုံမရှိဘဲ ဓားကျွန်းသခင်ဘွဲ့ကို ခံယူထားတာမို့ ကျုပ်တို့က ငဲ့ညှာပြီး တစ်ယောက်ချင်း ယှဉ်ခဲ့ကြတာပါ၊ ကျုပ်တို့အပေါ် ဓားကွက်တစ်ကွက် အသာရလိုက်တာဟာ ဂုဏ်ယူစရာ မဟုတ်ပါဘူး'

ဟု ပြောလေသည်။

လုံလီက....

'ဓားကျွန်းကို ရောက်လာတဲ့လူတိုင်း အရေးနိမ့်သွားခဲ့ကြတာ အစဉ်အလာတစ်ခုပါဗျာ၊ ခင်ဗျားတို့ သုံးယောက်ပေါင်းပြီး တိုက်ခိုက်လဲ့ ကျုပ်ကအနိုင်ယူပြမှာပါ'



ဟု ရင်ကော့ပြီး ပြောလိုက်လေသည်။

ခရမ်းရောင် ဝတ်ဆင်ထားသူက....

'သခင်လေး သေချာရဲ့လား'

ဟု မေးလေသည်။

လုံလီ ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

ခရမ်းရောင် ဝတ်ဆင်ထားသူ သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက်....

'သခင်လေး သေချာတယ်ဆိုရင် သတိထားပေတော့'

စကားဆုံးလျှင် ဓားကိုယ်စီဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

လုံလီကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ပြင်းထန်သောတိုက်ပွဲ ပေါ်ပေါက် လာပြန်လေတော့သည်။

*   *   *

လုံလီနှင့် ခရမ်းရောင်ဝတ်ဆင်ထားသူ သိုးယောက် ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

သူတို့၏တိုက်ပွဲမှာ ကြောက်ခမန်းလိလိပြင်းထန်နေသည်။

ဓားပညာ ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ သူသေကိုယ်သေ တိုက်ခိုက်နေကြပုံမျိုး ဖြစ်လေသည်။

တစ်ချက်ကလေး မှားသည်နှင့် အသက်ပေးလိုက်ရမည် ဖြစ်လေသည်။

ရှောင်ကောင်းမှာ တိုက်ပွဲကိုကြည့်ကာ အသက်မရှူနိုင်အောင် ဖြစ်နေလေတော့သည်။

ယခုတစ်ကြိမ်....

ခရမ်းရောင်ဝတ်ထားသူ သိုးယောက်၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

လုံလီသည် ခပ်မြန်မြန် အရှုံးပေးလိုက်လျှင် အသက်ဘေးမှ လွတ်မြောက်သွားမည်ဟု ရှောင်ကောင်း တွေးမိလေသည်။

သို့သော်....

လုံလီကား အလျှော့ပေးဖို့ လုံးဝမစဉ်းစားပါချေ။



ဝဲဘက်လက်ဖြင့် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင် ကာ အကြောက်အကန် ပြန်လည်တိုက်ခိုက်နေလေသည်။

သို့ဖြင့်....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

တိုက်ပွဲကား ပို၍ပို၍ပြင်းထန်လာသည်။

ခရမ်းရောင်ဝတ်ဆင်ထားသူ သိုးယောက်၏ဓားကွက်များသည် ပို၍စိပ်လာသည်။

လုံလီအား ဓားပိုက်ကွန်ကြီးဖြင့် အုပ်မိုးထားသကဲ့သို့ဖြစ်သွားလေသည်။

မရှေးမနှောင်းမှာပင်....

'ခြွမ်း....ခြွမ်း....ခြွမ်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

ဓားရိပ်များ လူရိပ်များ ရောနှောသွားသည်။

ချောင်းကြည့်နေသော ရှောင်ကောင်း၏ မျက်လုံးထဲဝယ် ချပ်တွေးသွား၏။

တစ်ခဏအတွင်းမှာပင်....

ခရမ်းရောင်ဝတ်ဆင်ထားသူ သုံး ယောက် သည် လည်းကောင်း၊ လုံလီသည်လည်းကောင်း နောက်ဆုတ်သွားကြသည်ကို တွေ့လိုက်ရလေသည်။

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်လေသည်။

လုံလီ၏ခန္ဓာကိုယ်ပေါ်တွင် ဓားဒဏ်ရာတစ်ချက် ရရှိလိုက်သည်ကို တွေ့ရလေသည်။

ခရမ်းရောင် ဝတ်ဆင်ထားသူ သုံးယောက်အနက် အသက်အကြီးဆုံးလူက....

'ကျုပ်တို့သုံးယောက် စုပေါင်းပြီး တိုက်ခိုက်မယ်ဆိုရင် သခင်လေးရဲ့ အဖေတောင်မှ ယှဉ်နိုင်မှာ မဟုတ်ပါဘူး'

ဟု ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ပြောလေသည်။

လုံလီက အံကြိတ်လိုက်လေသည်။

'လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်ကတည်းက ဓားကျွန်းကို ရောက်လာပြီး ယှဉ်ပြိုင်ခဲ့သူတွေမှာ အနိုင်ရပြီး ပြန်သွားရတယ်ဆိုတဲ့လူ တစ်ယောက်မှ မရှိခဲ့ဖူးပါဘူးဗျာ'
ဟု ပြောလိုက်၏။



ခရမ်းရောင်ဝတ်ဆင်ထားသူက....

'ထားပါတော့လေ၊ လူကြီးသုံးယောက်က လူငယ်လေးတစ်ယောက်ကိုဝိုင်းပြီး အနိုင်ကျင့်တယ်လို့ အပြောမခံနိုင်ပါဘူး၊ ဒါကြောင့် ဒီကနေ့ ယှဉ်ပြိုင်ပွဲကို သရေပွဲအဖြစ် ထားလိုက်ပါ့မယ်'

လုံလီက....

'ခင်ဗျားတို့ နောက်တစ်ခါ ဓားကျွန်းကိုပြန်လာရင်တော့ ကျုပ်က ကျိန်းသေအနိုင်ယူနိုင်မှာပဲဗျ'

ခရမ်းရောင်ဝတ်ဆင်ထားသူက....

'မင်း သေချာရဲ့လား'

လုံလီက....

'သေချာပါတယ်'

ခရမ်းရောင်ဝတ်ဆင်ထားသူက....

'ကောင်းပြီလေ၊ ကျုပ်တို့ တစ်ခေါက် ပြန်လာခဲ့ပါ့မယ်၊ ဒီကနေ့ကိစ္စကိုတော့ ပဏာမသဘောနဲ့ အနိုင်အရှုံးရလာဒ်ကို စာရင်းမသွင်းတော့ပါဘူး၊ နောက်တစ်ခါကျမှ သခင်လေး

ဟာ ဓားကျွန်းရဲ့ အစဉ်အလာကို ဆက်ခံနိုင်မယ် မခံနိုင်ဘူး ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင်....

'သွားစို့'

သူ၏အဖော်နှစ်ယောက်ကို လက်ဝှေ့ယမ်းပြလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်သွား၏။

ကျန်ခရမ်းရောင် ဝတ်ဆင်ထားသူ နှစ်ယောက်ကလည်း လိုက်ပါသွားကြလေတော့သည်။

* * *

**လက်ဝဲဓားသိုင်း**

---

ခရမ်းရောင်ဝတ်ဆင်ထားသူသုံးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။

လုံလီက မြေကွက်လပ်တွင် ကျောက်ရုပ်အလား မလှုပ်မယှက်ရပ်နေဆဲ၊ ရှောင်ကောင်းသည် ခရမ်းရောင်ဝတ်ထားသူများ ပြန်လာတော့မည်မဟုတ်ကြောင်း သေချာမှ ပုန်းကွယ်ရာမှလှမ်းထွက်ကာ လုံလီဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

'လုံလီ....'

ရှောင်ကောင်း၏ခေါ်သံကြောင့် လုံလီ၏ခန္ဓာကိုယ်သည် ခန့်တုန်ခါသွားပြီး သတိဝင်လာလေသည်။

ရှောင်ကောင်းကိုမြင်လျှင် အံ့ဩသွားပြီး....

'ဟင်....မင်း....မင်း ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

ဟု မေးလာလေသည်။

ရှောင်ကောင်းက....

'ငါရောက်နေတာ ကြာပြီကွ၊ မင်းက ဟိုလူသုံးယောက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေတာကို ငါတွေ့တယ်'

လုံလီ မျက်နှာပျက်သွားလေသည်။

'မင်း....မင်းတွေ့တယ် ဟုတ်လား'

ရှောင်ကောင်းက....

'ဟုတ်တယ်'

'ငါ....ငါ'

လုံလီသည် လက်ထဲမှဓားကို လွှတ်ချလိုက်သည်။



ထို့နောက် မြေပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားခြင်းဖြစ်ကြောင်း ရှောင်ကောင်း နားလည်လိုက်လေသည်။

လုံလီနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး....

'လုံလီ....မင်းဒဏ်ရာရထားတယ်၊ ဂရုစိုက်ဖို့လိုလိမ့်မယ်ကွ'

ဟု သတိပေးလိုက်လေသည်။

လုံလီ ခေါင်းခါယမ်းလိုက်သည်။

'ဒီဒဏ်ရာက အရေးမကြီးပါဘူးကွာ၊ ငါ့ရင်ထဲကဒဏ်ရာက ပိုဆိုးတယ်'

'ဟေ....'

ရှောင်ကောင်း မျက်လုံးပြူးသွားသည်။

'မင်း....မင်း....အတွင်းဒဏ်ရာရထားတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

လုံလီက....

'မဟုတ်ဘူး၊ ခရမ်းရောင်ခေါးညိုနောင်သုံးဖော်ကို အနိုင်မယူနိုင်လိုက်လို့ ခံစားရတဲ့ ဝေဒနာကို ပြောတာ၊ ဒါဟာကုစားလို့မရတဲ့ ဒဏ်ရာပဲ'

ရှောင်ကောင်းက....

'လုံလီရာ....အနိုင်ဆိုတာကို လူတိုင်း လိုချင်ကြတာပေါ့၊ ဒါပေမယ့်.....'

'တော်ပြီ၊ ဆက်မပြောနဲ့၊ ငါက အနိုင်ရမှဖြစ်မယ်'

'မင်းက သူတို့နဲ့ တစ်ယောက်ချင်းယှဉ်ပြိုင်တော့ အနိုင်ရခဲ့တာပဲမဟုတ်လား'

လုံလီက....

'ဒါပေမယ် သူတို့သုံးယောက်ပေါင်းပြီး တိုက်ခိုက်လိုက်တော့ ငါဒဏ်ရာရသွားတယ်လေကွာ'

ရှောင်ကောင်းက....

'ဒါကတော့ သုံးယောက်တစ်ယောက် ဖြစ်နေတာကိုး'

လုံလီက လက်မခံပါ။



'မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့သုံးယောက်ကို ခွဲခြားလို့မရဘူး၊ သူတို့သုံးယောက်ပူးပေါင်းမှပြည့်စုံတဲ့ ခေါးသိုင်းတစ်ခုဖြစ်ပေါ်လာမှာ၊ တစ်ယောက်ချင်းဆိုရင် ဘယ်မှာအစွမ်းရှိပါ့မလဲ၊ အစွမ်းမရှိတဲ့လူကို အနိုင်ရတာ ဘာများဝမ်းသာစရာရှိမှာလဲ'

ရှောင်ကောင်း သက်ပြင်းချလိုက်လေသည်။

လုံလီက....

'ငါဟာ ပြိုင်ဘက်ကင်းတဲ့ ခေါးသမား တစ်ယောက်ဖြစ်ချိန်မှန်ရင် သုံးယောက်မပြောနဲ့ ဆယ်ယောက်စုပေါင်းတိုက်ခိုက်ရတဲ့ ခေါးသိုင်းမျိုးကိုတောင် အနိုင်ယူနိုင်ရမှာပေါ့'

ရှောင်ကောင်း ထိတ်လန့်သွားလေသည်။

လုံလီက....

'ငါဟာ ပြိုင်ဘက်ကင်းတဲ့ ခေါးသမားတစ်ယောက်မဖြစ်သေးတာသေချာတယ်၊ ငါဆက်ပြီး ကြိုးစားရမယ်၊ ဒါမှ ခေါးကျမ်းရဲ့အစဉ်အလာကို ဆက်ပြီး စောင့်ထိန်းနိုင်လိမ့်မယ်'

ရှောင်ကောင်းက...

‘သူငယ်ချင်း....မင်းဟာ လူငယ်လေးတစ်ယောက်ပါကွာ။ မင်းထမ်းဆောင်မယ့် တာဝန်တွေဟာ မင်းရဲ့အရွယ်နဲ့မလိုက်အောင် ကြီးမားလွန်းပါတယ်၊ မင်းအတွက် ဝန်ထုပ် ဝန်ပိုးကြီးတစ်ခုလို ဖြစ်နေလိမ့်မယ်၊ ငါ အကြံပေးပါရစေ၊ ခါးသမားဘဝကို စွန့်လွှတ်လိုက်ပါတော့၊ သွေးထွက်သံယိုပြိုင်ပွဲတွေနဲ့ ကင်းဝေးတဲ့ဘဝတစ်ခုကို ပြောင်းလဲ တည်ဆောက်လိုက်ပါတော့ကွာ’

လုံလီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ရှောင်ကောင်းအား မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ...

‘ငါ့ကို ခါးသမားဘဝကိုစွန့်လွှတ်ဖို့ပြောရင် မင်းနဲ့ငါ ရန်သူတွေ ဖြစ်သွားလိမ့်မယ်’

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရှောင်ကောင်း ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

လုံလီက...

‘ခါးကျွန်းရဲ့မျိုးဆက်ဆိုလို့ ငါတစ်ယောက်တည်း ကျန်တော့တယ်၊ ငါက မိဘဘိုးဘွားတွေရဲ့ အမွေကိုမဆက်ခံနိုင်



ရင် မျိုးရိုးဂုဏ်ကို မစောင့်ထိန်းနိုင်ရင် အသက်ရှင်နေလို့ ဘာထူးတော့မှာလဲ’

ရှောင်ကောင်းက....

‘လုံလီ....ငါက မင်းအတွက် စေတနာနဲ့ပြောတာပါကွာ’

လုံလီက....

‘ဘာလဲ....ခါးသမားတစ်ယောက်ဘဝကိုခံယူဖို့ ကြိုးစားမယ်ဆိုရင် ပြိုင်ဘက်တွေရဲ့လက်ချက်နဲ့ ငါသေသွားရမယ်လို့ မင်းထင်နေတာလား’

ရှောင်ကောင်းက....

‘ခုတောင် မင်းဒဏ်ရာရသွားပြီ မဟုတ်လား’

‘ဟား....ဟား....ဟား’

လုံလီက ဟားတိုက်ရယ်မောလိုက်လေသည်။

ရှောင်ကောင်းသည် လုံလီကို ငေးကြည့်နေသည်။

လုံလီရူးသွပ်သွားပြီလောဟု ထင်လိုက်မိလေသည်။

လုံလီသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ....

'ငါ့အတွက် မပူစမ်းပါနဲ့ကွာ၊ ငါက ရှေးဟောင်း အက္ခရာစာပေကို သင်ကြားခဲ့တယ်ဆိုတာ မင်းသိတာပဲ၊ ငါ့မှာ ရှေးဟောင်းဓားကျမ်းတစ်ဆူရှိတယ်၊ အဲဒီဓားကျမ်းကို ဆုံးခန်းတိုင်အောင် လေ့ကျင့်ပြီးရင် ငါ့ကို ဘယ်သူက ယှဉ်နိုင်တော့မှာလဲ'

ဟု ပြောလေသည်။

ရှောင်ကောင်းက....

'မင်း သေချာရဲ့လား'

'သိပ်သေချာတာပေါ့၊ ငါ့ရဲ့ဓားကျမ်းဟာ လက်ဝဲဓားကျမ်းလို့ ခေါ်တယ်ကွ၊ ဟောဒီမှာကြည့်စမ်း'

လုံလီက လက်နှစ်ဖက်ကို ဖြန့်ပြလေသည်။

ရှောင်ကောင်းက ကြောင်အမ်းအမ်း ကြည့်လိုက်သည်။

လုံလီက....

'ငါတို့ရဲ့ ဓားပညာဟာ ဓားတစ်လက်တည်းကိုပဲ ကိုင်ဆောင် အသုံးပြုရတဲ့ ဓားပညာဖြစ်တယ်၊ ငါ့ဆီမှာလက်နှစ်ဖက် ရှိနေတယ်ဆိုတာ မင်းမြင်တယ် မဟုတ်လား'



ရှောင်ကောင်းက....

'လူတိုင်း လက်နှစ်ဖက်ရှိကြတာပဲ မဟုတ်လားကွ'

လုံလီက....

'ငါ့အတွက်ကတော့ လက်နှစ်ဖက်ရှိနေတာဟာ အနှောင့်အယှက် တစ်ခု ဖြစ်နေတယ်'

'ဟင်'

'လက်နှစ်ဖက်ရှိနေတဲ့အတွက် လက်တစ်ဖက်က ဓားကိုင်ထားပြီး ကျန်တဲ့လက်တစ်ဖက်ကိုပါ လိုက်ပါလှုပ်ရှားချင်တယ်လေ၊ ဒီတော့....'

'မင်း... မင်း'

'ငါ့အတွက် ဝဲဘက်လက်တစ်ဖက်ပဲ လိုပါတယ်'

ရှောင်ကောင်း မျက်လုံးပြူးသွားသည်။

'လုံလီ၊ မင်း ရူးနေပြီလား'

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုံလီက....

'ငါ့မှာ ဝဲဘက်လက်တစ်ဖက်ထဲ ရှိတော့မယ်ဆိုရင် စိတ်အာရုံဟာ ဓားကိုင်ထားတဲ့ ဝဲဘက်လက်ပေါ်မှာပဲ စူးစိုက်နေတော့မယ်၊ တခြားကို အာရုံလွင့်စရာ မရှိတော့ဘူး၊ လက်ဝဲဓားကျမ်းရဲ့ အနှစ်သာရဟာ ဒါပဲ၊ ငါက လက်တစ်ဖက် အဆုံးရှုံးခံပြီး လေ့ကျင့်လိုက်မယ်ဆိုရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ ဓားသမားတစ်ယောက် ဖြစ်လာရတော့မှာပေါ့ကွာ၊ ဟား....ဟား....ဟား'

ရှောင်ကောင်း ခေါင်းခါယမ်းလိုက်လေသည်။

'လုံလီ....မင်းမှားနေပြီ'

'ငါမမှားဘူး'

'မင်းဟာ လူကောင်းဘဝကနေ လက်တစ်ဖက်ပြတ် ဒုက္ခိတဖြစ်သွားတော့မှာပေါ့'

'ဒါတွေ ငါဂရုမစိုက်ဘူး'

ရှောင်ကောင်းက....

'သူငယ်ချင်း ငါ တောင်းပန်ပါတယ်ကွာ၊ မင်း စိတ်လျှော့လိုက်ပါတော့'

'ရှောင်ကောင်း၊ မင်းအတွက်လဲ အကောင်းဆုံး နည်းလမ်းကို ငါပြောမယ်၊ မင်းဓားကျွန်းပေါ်က အမြန်ဆုံး ထွက်သွားပေတော့'



'လုံလီ....မင်း....'

'ရှောင်ကောင်း၊ မင်းနဲ့ စကားပြောဖို့ ငါ့မှာ အချိန်မရှိတော့ဘူးကွ'

ရှောင်ကောင်း သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ငါသွားတော့မယ်၊ မင်းရဲ့ဆန္ဒအတိုင်း ပြိုင်ဘက်ကင်း ဓားသမားတစ်ယောက် ဖြစ်ပါစေလို့ ငါ ဆုတောင်းပေးခဲ့ပါတယ်ကွာ'

စကားဆုံးလျှင် လုံလီကို ကျောခိုင်းကာ ထွက်သွားလေတော့သည်။

လုံလီသည် တရွေ့ရွေ့ဝေးသွားသော ရှောင်ကောင်းကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ရှောင်ကောင်း မြင်ကွင်းမှ ကွယ်ပျောက် သွားလျှင် လုံလီက အံတင်းတင်းကြိတ်လိုက်သည်။

ထို့နောက်....

ဝဲဘက်လက်ဖြင့် ဓားကိုကောက်ကိုင်လိုက်သည်။

လက်ဝဲဓားကျမ်းကို လေ့ကျင့်အောင်မြင်လိုပါက လက်တစ်ဖက်ကို အဆုံးရှုံးခံရတော့မည်ဖြစ်သည်။

လုံလီက....

'ငါဟာ ပြိုင်ဘက်ကင်းတဲ့ ဓားသမားဖြစ်ရမယ်'

ဟု ကြုံးဝါးလိုက်လေသည်။

*　*　*

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သုံးနှစ်....

သုံးနှစ်ဆိုသောအချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟုပင် ထင်ရလေသည်။

သုံးနှစ်အတွင်း ရှောင်ကောင်းနှင့် ကျူးဟုန် တို့သည် ဓားကျွန်းသို့ ရောက်လာခဲ့ကြသည်မှာ အကြိမ်ကြိမ်ပင်။

သို့သော်....

လုံလီက အတွေ့မခံတော့ပါ။



ရှောင်ကောင်းတို့ ရောက်လာလေတိုင်း အိမ်ထိန်းကြီးက ဧည့်ဝတ်ပြုလေသည်။

လုံလီ၏အကြောင်းကို မေး၍မရပါ။

ကြာသော်....

ရှောင်ကောင်းနှင့် ကျူးဟုန်တို့ စိတ်ပျက်လာကြလေသည်။

ကျူးဟုန်သည် မိန်းကလေးဖြစ်လေသောကြောင့် လုံလီအား အတွေ့မခံသောအခါ အလွန်ရှက်သွားလေသည်။

နောက်ပိုင်းတွင် ဓားကျွန်းသို့ မလာတော့ချေ။

သို့ဖြင့်....

ရှောင်ကောင်း၊ ကျူးဟုန်တို့နှင့်လုံလီမှာ အဆက်အသွယ်ပြတ်သွားလေတော့သည်။

*　*　*

ကျူးဟုန်သည် အရွယ်ရောက်သော မိန်းမလှလေး တစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့်....

သူမအား ပိုးပန်းသူ စိုင်းဝိုင်းလည်နေတော့သည်။

ထိုသို့ ပိုးပန်းသူများတွင် ရှောင်ကောင်းလည်း ပါဝင်နေသည်။

သို့သော်....

ကျူးဟုန်၏မေတ္တာကို မည်သူကမှ မရနိုင်ခဲ့ကြပေ။

အချိန်ကုန်ဆုံးသွားသည်နှင့်အမျှ ပညာသင်ကြားမှုပြီးဆုံးသည့်ကာလသို့ ရောက်ရှိလာလေသည်။

ပညာစုံလျှင် အိမ်ပြန်ကြရတော့မည် ဖြစ်လေသည်။

လူချင်းခွဲရတော့မည်မို့ ရှောင်ကောင်း မနေနိုင်တော့သဖြင့် ကျူးဟုန်ကိုဖွင့်ပြောကာ မေတ္တာတောင်းခံခဲ့လေတော့သည်။

လေပြည်လေညင်း ငြိမ့်ငြိမ့်ယမ်းတိုက်ခတ်နေသည်။

ရော်ရွက်ကလေးများ ဝေ့ကာဝဲကာဖြင့် ကြွေကျလာသည်။



ကျူးဟုန်သည် လုံလီနှင့် နောက်ဆုံး တွေ့ဆုံလမ်းခွဲခဲ့သော သစ်ပင်ကြီးအောက်၌ ထိုင်နေသည်။

သူမ၏ လှပသော မျက်နှာလေးပေါ်တွင် တွေဝေငေးမောမှုများ ပေါ်လွင်နေသည်။

ထိုစဉ်....

ခြေသံများထွက်ပေါ်လာပြီး သူမအနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ကျူးဟုန်က ခေါင်းမော့ကြည့်လိုက်သောအခါ ရှောင်ကောင်းကို တွေ့လိုက်ရလေသည်။

'ဩော်....ရှောင်ကောင်း'

'ဟုတ်တယ်၊ နင့်ကိုပြောစရာရှိလို့'

ရှောင်ကောင်းက ကျူးဟုန်၏နံဘေး၌ ဝင်ထိုင်ချလိုက်လေသည်။

ကျူးဟုန်က....

'နင်ဘာပြောချင်လို့လဲ'

ရှောင်ကောင်းက....

'ကျောင်းပိတ်တော့မယ်၊ တို့လဲ လမ်းခွဲကြရတော့မယ် နော်'

ကျူးဟုန်က....

'အေးလေ၊ တို့တစ်တွေ ပညာစုံပြီဆိုတော့ အိမ်ပြန်ဖို့ပဲရှိ တော့တာပေါ့'

ရှောင်ကောင်းက....

'ကျူးဟုန် တို့တစ်တွေ အိမ်ပြန်သွားကြပြီးတဲ့ နောက်မှာ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြဖို့ဆိုတာ မလွယ်တော့ ဘူးနော်'

ကျူးဟုန်က...

'ဒါကတော့လဲ့ အခြေအနေအရပဲ မဟုတ်လား၊ တွေ့ ချင်တယ်ဆိုရင် လာလည်လို့ဖြစ်တာပဲလေ'

ရှောင်ကောင်းက....

'ကျူးဟုန် တို့မခွဲခွာကြခင် နင့်ကိုငါ ပြောစရာရှိတယ်'

ကျူးဟုန်က....

'ပြောစရာရှိတာပဲ့၊ ပြောပေါ့'



ရှောင်ကောင်းက....

'ကျူးဟုန်....နင် ဒီအတိုင်းပဲ နေသွားတော့မှာလား'

ကျူးဟုန်က....

'ငါက ဒီအတိုင်းနေမသွားတော့ ဘာလုပ်ရမှာလဲ'

'နင်'

'ပြောလေ၊ ငါ ဘာလုပ်ရမှာလဲ'

ရှောင်ကောင်းက....

'ငါ ပြောချင်တာက နင်....'

'ဟဲ့....ရှောင်ကောင်း၊ နင်ဘယ်လိုဖြစ်နေတာလဲ'

'ငါ....ငါ....'

ကျူးဟုန်က....

'နင် ဘယ် လိုဖြစ်နေတာလဲ၊ နင့်ကိုကြည့်ရတာ တစ်မျိုး ကြီးပဲ'

'ငါက....ငါက....'

'ဟဲ့....နင်ဘာပြောမလို့လဲ ပြောလေ'

ရွှေခင်ကောင်းက မျက်လုံးစုံမှိတ်ကာ ပြောချလိုက်လေသည်။

'ငါ....ငါ....နင့်အပေါ် မေတ္တာသက်ဝင်နေမိလို့ပဲ'

'ဟင်....'

ကျူးဟုန် အံ့ဩသွားလေသည်။

ရွှေခင်ကောင်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

'နင်....နင် ဘယ်လိုပြောလိုက်တာလဲ'

ရွှေခင်ကောင်းက မထူးတော့ဟု သဘောပိုက်ကာ....

'ကျူးဟုန်....ငါ တကယ်ပြောတာပါ၊ နင့်အပေါ်မှာ မေတ္တာသက်ဝင်နေခဲ့တာကြာပါပြီ၊ ငါ ဖွင့်ပြောလိုက်ရင် နင်စိတ်ဆိုးသွားမှာစိုးရိမ်လို့ပါ၊ ခုတော့ တို့တစ်တွေ လမ်းခွဲကြရတော့မယ်လေ၊ ငါမပြောရင် မဖြစ်တော့ဘူး'

ကျူးဟုန်က....

'အံ့ပါရဲ့ဟယ်၊ နင်ဘယ်လို ဖြစ်သွားတာလဲ၊ ငါတို့ဟာ သူငယ်ချင်းတွေအဖြစ်ထက် ညီအစ်ကိုမောင်နှမတွေလို နေခဲ့ကြတာ မဟုတ်လား'



'ငါ...ငါ....'

ကျူးဟုန်က....

'ရွှေခင်ကောင်းရယ်၊ ငါက နင့်ကို ကိုယ့်အစ်ကို တစ်ယောက်လိုပဲ သဘောထားပါတယ်ဟယ်၊ နင့်ရဲ့ မေတ္တာကို မတုံ့ပြန်နိုင်လို့ ငါ့အပေါ် စိတ်မဆိုးနဲ့နော်'

ရွှေခင်ကောင်းက....

'ကျူးဟုန်'

ဟု အထိတ်တလန့် ခေါ်လိုက်လေသည်။

ကျူးဟုန်က....

'ရွှေခင်ကောင်း၊ နင့်ကို ငါ အစ်ကိုတစ်ယောက်လိုပဲ သဘောထားနိုင်မယ်၊ ဒါ အမှန်တရားကို ပြောတာပါ'

'ငါ'

ရွှေခင်ကောင်း ရှေ့ဆက်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

ကျူးဟုန်က သူ့အား စိတ်မကောင်းစွာဖြင့်ကြည့်နေ၏။

အတန်ကြာတော့မှ ရှောင်ကောင်းသည် ခေါင်းမော့လာပြီးလျှင်....

'ကျူးဟုန်၊ နင့် သဘောထားကို မပြောင်းနိုင်တော့ဘူးလား'

ဟု မေးလိုက်လေသည်။

ကျူးဟုန်က....

'ဒါ....ငါ့ရဲ့ ဆုံးဖြတ်ချက်ပါပဲ'

ရှောင်ကောင်းက....

'ငါ့မှာ နင်သဘောမကျနိုင်စရာ အကြောင်းတွေ ဘာများ ရှိနေလို့လဲဟင်'

ကျူးဟုန် ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမရှိပါဘူး၊ နင်ဟာမိန်းကလေးတိုင်း လက်ခံနိုင်တဲ့ အရည်အချင်းနဲ့ပြည့်စုံတဲ့ လူတစ်ယောက်ပါ'

ရှောင်ကောင်းက....

'ဒါဖြင့် နင် ငါ့ကို ငြင်းရတာက....'



ကျူးဟုန်က....

'နင့်ကို ငါက အစ်ကိုတစ်ယောက်အဖြစ်က လွဲပြီး ချစ်သူအဖြစ် လက်မခံနိုင်လို့ပါပဲ'

ရှောင်ကောင်း သက်ပြင်းချလိုက်သည်။

'နင့်မှာ ရည်ရွယ်ထားတဲ့လူများ ရှိနေလို့လား'

ထိုစကားကြားလျှင် ကျူးဟုန် ပြုံးလိုက်လေသည်။

ရှောင်ကောင်းကို ကြည့်လိုက်ပြီး....

'ဟဲ့....နင် ဘယ်လိုထင်သလဲ'

ဟု ပြန်မေးလိုက်သည်။

'ငါ ဘယ်ပြောတတ်မလဲ'

'အေး....အမှန်အတိုင်း ဝန်ခံရရင်တော့ ငါ့မှာ ရည်ရွယ်ထားတဲ့သူ ရှိတယ်'

'ဘယ်သူများလဲ'

ရှောင်ကောင်းက အလောတကြီး မေးလိုက်လေသည်။

ကျူးဟုန်က....

'ငါ ပြောလို့ မဖြစ်ဘူး'

'ဟင်....ဘာဖြစ်လို့လဲ'

'အဲဒီလူဟာ ငါက သူ့ကို စိတ်ဝင်စားနေတယ်ဆိုတာ မသိသေးလို့ပေါ့'

'ဖြစ်မှ ဖြစ်ရလေဟာ'

ရှောင်ကောင်း အကြီးအကျယ် စိတ်ခေတ်ကျသွားလေတော့သည်။

ကျူးဟုန်သည် မည်သူ့ကို မေတ္တာသက်ဝင် နေပါသနည်း။

ရှောင်ကောင်းသည် လုံလီ၏မျက်နှာကို မြင်ယောင်လာလေတော့သည်။

* * *





ဓားကျွန်းသည် ထုံးစံအတိုင်း သာယာလှပ၍ နေလေသည်။

လှေကလေး တစ်စင်းသည် ဓားကျွန်းသို့ ဆိုက်ကပ်လာသည်။

လှေပေါ်တွင်လိုက်ပါလာသူနှစ်ယောက်သည် လှေပေါ်မှ ဆင်းကာ ဓားကျွန်းပေါ်သို့ တက်လိုက်ကြလေသည်။

ထိုလူနှစ်ယောက်မှာ ရှောင်ကောင်းနှင့် ကျူးဟုန်တို့ ဖြစ်ကြလေသည်။

ကျူးဟုန်သည် အိမ်ပြန်ရတော့မည်မို့ လုံလီအား လာရောက် နှုတ်ဆက်ခြင်း ဖြစ်လေသည်။

သူမ တစ်ယောက်တည်း ဖြစ်နေ၍ ရှောင်ကောင်းက လိုက်လံပို့ဆောင်ပေးရခြင်း ဖြစ်သည်။

ကျွန်းပေါ်သို့ ခြေလှမ်းလျှင်....

'ကျူးဟုန်... နင်သွားချင်သွားလေ၊ ငါ ဒီမှာပဲ စောင့်နေမယ်'

ရှောင်ကောင်းက ပြောလိုက်လေသည်။

ကျူးဟုန်က အံ့သြသွားသည်။

'ရွှောင်ကောင်း၊ နင် ဘယ်လိုဖြစ်တာလဲ'

ရွှောင်ကောင်းက....

'ငါမလိုက်ချင်ဘူး'

'နင်က ဒီနေရာကိုရောက်လာပြီးမှ မလိုက်ချင်ဘူးဆိုတာ ဘာသဘောလဲ'

'ငါ'

'လာစမ်းပါဟာ'

ကျူးဟုန်သည် ရွှောင်ကောင်း၏ လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ရွှောင်ကောင်းလည်း မလိုက်ချင်လိုက်ချင်နှင့် လိုက်သွားရလေသည်။

သို့ဖြင့်....

လုံလီ၏ အိမ်ဂေဟာရှေ့သို့ ရောက်ရှိသွားကြလေသည်။

ကျူးဟုန်က....

'လုံလီ....လုံလီ'



ဟု ခေါ်လိုက်သည်။

အိမ်တံခါး၊ ပြတင်းတံခါးများ ဖွင့်ထားသော်လည်း လူသံသူသံ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထို့ကြောင့်....

ကျူးဟုန်၏ခေါ်သံသည် ကျယ်လောင်စွာထွက်ပေါ်လာသည်။

ဟုပင် ထင်ရလေသည်။

မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

အိမ်ထဲမှ အိမ်ထိန်းအဘိုးအို လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်လေသည်။

အဘိုးအိုသည် ကျူးဟုန်တို့အား ကောင်းစွာ မှတ်မိထားလေသည်။

'ဪ....မိန်းကလေးတို့ ရောက်လာကြတာကိုး၊ လာကြပါ....လာကြပါ'

ဟု ဖိတ်ခေါ်လေသည်။

ကျူးဟုန်နှင့် ရှောင်ကောင်းတို့ အိမ်ထဲဝင်လိုက်ကြ၏။

အဘိုးအိုက နေရာထိုင်ခင်းပေးသည်။

စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ကျူးဟုန်တို့ကား လုံလီကို တွေ့လိုစိတ်များ ပြင်းပြနေပါသည်။

အရင်အခေါက်များက လုံလီသည် သူတို့အားအတွေ့မခံဘဲ ရှောင်နေခဲ့သည် မဟုတ်ပါလား။

ကျူးဟုန်က....

'ကျွန်မတို့ ကျောင်းပိတ်သွားပြီ၊ ပြန်ကြရတော့မှာမို့ လုံလီကို လာပြီး နှုတ်ဆက်ကြတာပါ'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက....

'သခင်လေးရှိပါတယ်၊ ထွက်လာပါလိမ့်မယ်'

ဟု ပြောလေသည်။

ထိုစဉ်....



အတွင်းဘက်အခန်းတစ်ခုမှ လှမ်းထွက်လာသည့် လုံလီကို တွေ့လိုက်ရလေသည်။

'လုံလီ'

ကျူးဟုန်က ဝမ်းသာအားရ ခေါ်လိုက်သည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။

လုံလီက....

'တို့တစ်တွေ မတွေ့ကြတာတောင် အတော်ကြာသွားပြီနော်၊ အေးအေးဆေးဆေးပေါ့၊ ထိုင်ပါဦး'

ဟု ပြောလေသည်။

သူကိုယ်တိုင်လည်း ကျူးဟုန်တို့နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်လေသည်။

ကျူးဟုန်က....

'တို့အိမ်ပြန်ကြရတော့မယ်၊ ဒါကြောင့် လာပြီး နှုတ်ဆက်ကြတာ'

လုံလီက....

‘ဩော်....နင်တို့တောင် အိမ်ပြန်ကြရတော့မှာကိုး’

ကျူးဟုန်က....

‘ဟုတ်တယ်’

လုံလီက....

‘ဒါဆို တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ကြဖို့ မလွယ်တော့ဘူးပေါ့’

ကျူးဟုန်က....

‘ဟုတ်တယ်’

လုံလီက....

‘မပူပါနဲ့လေ၊ နင့်ဆီကို ငါလာလည်မှာပေါ့’

ထိုစကားကြားလျှင် ကျူးဟုန်၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပသွားလေသည်။

‘နင် တကယ်ပြောတာနော်’

‘တကယ်ပေါ့’



‘ဝမ်းသာလိုက်တာဟယ်’

ကျူးဟုန်က ဟန်မဆောင်နိုင်ဘဲပြောလိုက်လေသည်။

လုံလီက ရှောင်ကောင်းဘက်သို့လှည့်ကာ....

‘ရှောင်ကောင်း မင်းကော’

ဟု မေးလိုက်သည်။

ရှောင်ကောင်းက....

‘ငါက သိုင်းပညာ ဆက်သင်ဦးမှာဆိုတော့ မပြန်ဖြစ်သေးပါဘူးကွာ’

လုံလီက....

‘ဒါဖြင့် မင်းနဲ့ငါ မကြာခဏ တွေ့ကြတာပေါ့’

ရှောင်ကောင်းက....

‘ငါက မင်းကိုတွေ့ချင်လို့ အချိန်အားရတာနဲ့ လာတာပဲ၊ မင်းကသာ ငါ့ကိုအတွေ့မခံဘဲ ရှောင်နေတာ မဟုတ်လား’

လုံလီက....

'ရှောင်နေတာမဟုတ်ပါဘူးကွာ၊ ငါက သိုင်းလေ့ကျင့်နေတော့ မအားမလပ်အောင် ဖြစ်နေလို့ပါ'

ရှောင်ကောင်းက....

'ခုကော'

လုံလီက ရယ်မောလိုက်သည်။

'ခုတော့ အားလုံးပြီးဆုံးသွားပါပြီကွာ'

ယခုမှ....

ရှောင်ကောင်းနှင့် ကျူးဟုန်တို့သည် လုံလီအားသေသေချာချာ ကြည့်လိုက်မိကြသည်။

ဤတွင်....

လုံလီ၏ယာဘက်လက်မှာ ပခုံးမှနေ၍ တိတိရိရိပြတ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

*   *   *



'လုံလီ'

ကျူးဟုန် အထိတ်တလန့် အော်လိုက်လေသည်။

လုံလီက တည်ကြည်သော မျက်နှာထားဖြင့် ရှိနေသည်။

ကျူးဟုန်က....

'လုံလီ၊ နင့် လက်တစ်ဖက်က....'

လုံလီက....

'ဟုတ်တယ်၊ ငါက လက်ဝဲဓားသိုင်းကို လေ့ကျင့်ခဲ့တဲ့အတွက် လက်တစ်ဖက်ကို အဆုံးရှုံးခံခဲ့ရတယ်'

'နင်....'

ကျူးဟုန် မည်သို့ဆက်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

လုံလီက....

'ဒါပေမယ့် ငါ့အတွက်အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ပါတယ်၊ လက်ဝဲဓားသိုင်းကို ဘယ်သူက ယှဉ်နိုင်မှာတဲ့လဲ'

'နင် ရူးနေပြီ'

ကျူးဟုန်က ထအော်လိုက်လေသည်။

လုံလီက ရယ်မောလိုက်သည်။

'လူတိုင်းလူတိုင်းဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ ရှုံးသွယ်ခဲ့ကြတာပဲ မဟုတ်လား'

ကျူးဟုန်၏မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာလေသည်။

'လုံလီရယ်၊ ဖြစ်မှဖြစ်ရလေဟယ်'

လုံလီက ရယ်မောလိုက်လေသည်။

'ငါ့ရဲ့လက်တစ်ဖက် အဆုံးရှုံးခံလိုက်ရတာဟာ တကယ်တော့ ဆုံးရှုံးမှုမဟုတ်ပါဘူး၊ အောင်မြင်မှုကြီး တစ်ခုပါ။ ငါက လက်ဝဲဓားသိုင်းကို လေ့ကျင့် အောင်မြင်နိုင်ခဲ့တယ် မဟုတ်လား'

ကျူးဟုန်က....

'နင့်ဘဝကို ဓားပညာနဲ့ မြှုပ်နှံထားတော့မှာလား'

လုံလီက....

'ဓားပညာဟာ ငါ့ဘဝပါပဲလေ'



ကျူးဟုန် ခေါင်းခါယမ်းလိုက်သည်။

'နင့်ကို ငါဘယ်လိုမှနားမလည်နိုင်တော့ဘူး'

လုံလီက....

'နင်က ဓားသမားတစ်ယောက်မှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲ'

ကျူးဟုန်က....

'နင်ကကော ငါ့ကို နားမလည်နိုင်တော့ဘူးလား'

'ဟင်'

လုံလီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျူးဟုန်ကို စိုက်ကြည့်လိုက်သည်။

ကျူးဟုန်က....

'ပြောစမ်းပါဦး၊ ငါ့ကို နားမလည်နိုင်တော့ဘူးလား'

လုံလီ သက်ပြင်းချလိုက်သည်။

ထိုစဉ်....

ရှောင်ကောင်းသည် ထိုနေရာမှထကာ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

ထိုအခိုက်မှာပင်....

အိမ်ထိန်းအဘိုးအိုရောက်ရှိလာပြီး လုံလီကို အစီရင်ခံလိုက်လေသည်။

'သခင်လေး၊ အပြင်ဘက်မှာ ဓားပညာယှဉ်ပြိုင်ချင်တဲ့ လူတွေ ရောက်လာပါတယ်'

လုံလီက....

'ကောင်းပြီလေ၊ ကျွန်တော် အခုပဲ ထွက်လာခဲ့ပါ့မယ်'

ဟု ပြောလိုက်သည်။

တစ်ဖန်....

ရှောင်ကောင်းနှင့် ကျူးဟုန်တို့ကို ပြုံးပြလိုက်ပြီး....

'မင်းတို့ အေးအေးဆေးဆေးပဲ မဟုတ်လား၊ ခဏနေရင် ငါ ပြန်လာခဲ့မယ်'

ဟု ပြောလိုက်လေသည်။

* * *

## ရန်ကြွေး

---

ဓားကျွန်းဂေဟာ၏ ယာဘက်ခပ်လှမ်းလှမ်းတွင် ဝါးရုံတောတစ်ခုရှိသည်။

ထိုဝါးရုံတောအတွင်း၌ မြေကွက်လပ်တစ်ခု ရှိလေသည်။

လုံလီသည် ထိုမြေကွက်လပ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။

သူ၏ ခါးတွင် ဓားတစ်လက် ချိတ်ထားသည်။

ကျောက်တိုင်တစ်ခု စိုက်ထူထားသည့်အလား မလှုပ်မယှက်ရပ်နေ၏။

သူနှင့်မျက်နှာချင်းဆိုင်တွင် လူသုံးယောက် ရပ်နေကြ၏။

ထိုလူသုံးယောက်မှာ ခရမ်းရောင်ဓားသုံးလက် ဖြစ်လေသည်။

ခရမ်းရောင် ဓားသုံးလက်သည် ဓားကျွန်းသို့ ဒုတိယ အကြိမ်ရောက်ရှိလာကြပြီး ဖြစ်လေသည်။

ခရမ်းရောင်ဓားသုံးဖော်သည် လုံလီကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

ခရမ်းရောင် ဓားသုံးဖော်အနက် အသက်အကြီးဆုံး ဖြစ်သော အမှတ်တစ်က စတင်ပြောဆိုလိုက်လေသည်။

'သခင်လေး လုံလီ၊ ကျုပ်တို့မတွေ့ရတာ သုံးနှစ်သုံးမိုးတောင်ရှိနေပြီနော်၊ ဒီကြားထဲမှာသခင်လေးဟာ တစ်ယောက်ယောက်ကို အရေးနိမ့်ခဲ့ပြီထင်တယ်'

ဟု ပြောလိုက်လေသည်။

လုံလီ မျက်မှောင်ကြုတ်သွားသည်။

'ကျုပ်က အရေးနိမ့်သွားတယ် ဟုတ်လား'

အမှတ်တစ်က....

'ဟုတ်တယ်လေ၊ သခင်လေးဟာတစ်ယောက်ယောက်ကို အရေးနိမ့်ခဲ့လို့ လက်တစ်ဖက်ပြတ် ဒုက္ခိတဘဝကို ရောက်နေတယ် မဟုတ်လား'

လုံလီက ရယ်မောလိုက်လေသည်။



'ဟား....ဟား....ဟား....'

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အမှတ်တစ် မျက်မှောင်ကြုတ်သွားသည်။

'သခင်လေးက ဘာတွေများ သဘောကျနေတာလဲဗျ'

ဟု မေးလိုက်သည်။

လုံလီက....

'ခင်ဗျားရဲ့ စကားက သဘောကျစရာ ကောင်းလို့ပါ၊ ကျုပ်က ဘယ်သူ့ကိုမှ မရှုံးနိမ့်ခဲ့ပါဘူးဗျာ'

အမှတ်တစ်က....

'ဒါဖြင့် လက်တစ်ဖက်က ဘယ်လိုလုပ်ပြီးပြတ်သွားတာလဲ ပြောပါဦး'

လုံလီက....

'ကျုပ်က လက်ဝဲဓားသိုင်းကို လေ့ကျင့်တဲ့အတွက် ယာဘက်လက်ကို အသုံးမလိုတော့လို့ပေါ့ဗျာ'

ခရမ်းရောင်ခေါးသုံးဖော် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

အမှတ်တစ်က....

'လက်ဝဲခေါးသိုင်းဟုတ်လား'

လုံလီက....

'ဟုတ်ပါတယ်ဗျာ'

အမှတ်တစ်က....

'သခင်လေးရဲ့ လက်ဝဲခေါးသိုင်းဟာ ကျုပ်တို့ ခရမ်းရောင်ခေါးသုံးလက်ကို ယှဉ်နိုင်ပါ့မလားဗျာ'

လုံလီက....

'ယှဉ်နိုင်ပါတယ်၊ ဒီတစ်ခါ ကျုပ်က ခင်ဗျားတို့ကို အနိုင်ယူပြမှာပါဗျာ'

'ဟား....ဟား....ဟား'

ခရမ်းရောင်ခေါးသုံးဖော်က ဟားတိုက်ရယ်မောလိုက်ကြလေသည်။



လုံလီက....

'ခေါးကျွန်းရဲ့ခေါးပညာဟာ သိုင်းလောကမှာ မြိုင်ဘက်ကင်းတယ်ဆိုတာ ခင်ဗျားတို့သိရမှာပါ'

ဟု အလေးအနက်ထားကာ ပြောလိုက်လေသည်။

အမှတ်တစ်က....

'သခင်လေး သေချာရဲ့လား'

လုံလီက....

'သေချာပါတယ်'

အမှတ်တစ်က....

'ဒါဖြင့် ကျုပ်တို့သုံးယောက် စုံပေါင်းပြီး တိုက်ခိုက်မယ်၊ သခင်လေး ခုခံဖို့သာ ကြိုးစားပေတော့'

လုံလီက....

'စိတ်ချ၊ ခင်ဗျားတို့သုံးယောက်ကို အနိုင်မယူနိုင်ဘူးဆိုရင် ခေါးကျွန်းဆိုတာ လောကပေါ်မှာ မရှိစေရတော့ပါဘူး'

အမှတ်တစ်က....

'သခင်လေး....သတိသာထားပေတော့'

စကားဆုံးလျှင် ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့ကလည်း ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

'ခြွမ်း....ခြွမ်း....ခြွမ်း'

လုံလီက မလှုပ်မယှက်ရပ်လျက်....

သူ၏မျက်လုံးများက ခရမ်းရောင်ဓားသုံးလက်ကို မျက်တောင်မခတ်ကြည့်နေလေသည်။

'ယား'

ခရမ်းရောင်ဓားသုံးလက်သည် ဗြောသံပေးကာ ဓားများဝှေ့ယမ်းပြီး လုံလီကို တိုက်ခိုက်လိုက်ကြလေသည်။

လုံလီကလည်း ချက်ချင်း ဓားဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

*　*　*



ခရမ်းရောင်ဓားသုံးလက်။

ခရမ်းရောင်ဓားသုံးလက်သည် လျှမ်းလျှမ်းတောက်ကျော်ကြားနေကြသော ဓားသမားများဖြစ်ကြလေသည်။

သူတို့ကျော်ကြားရသည့် အကြောင်းရင်းမှာ ထူးခြားလှသော သူတို့၏ဓားပညာကြောင့်ဖြစ်လေသည်။

တစ်ယောက်ချင်း၏ဓားပညာသည် အစွမ်းထက်မြက်သလို သုံးယောက်ပေါင်း တိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်လာသည်။

ထို့ကြောင့်....

သိုင်းလောကမှ ထင်ရှားသော ဓားသမားအတော်များများသည် ခရမ်းရောင်ဓားသုံးဖော်၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ကြရလေသည်။

သူတို့သည် ဓားကျွန်းသို့ တစ်ကြိမ် လာရောက်ယှဉ်ပြိုင်ခဲ့ကြဖူးလေသည်။

ထိုစဉ်က ပြိုင်ပွဲကို သရေပွဲဟု သဘောထားခဲ့ကြ၏။

ယခုတစ်ကြိမ်တွင်....

ဓားကျွန်းအား အနိုင်ယူနိုင်သည်ဟု ကြွေးကြော်နိုင်ရန် ဆုံးဖြတ်ထားကြလေသည်။

ခရမ်းရောင်ဓားသုံးဖော်သည် လုံလီအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

လုံလီကလည်း အားကျမခံ ပြန်လည် တိုက်ခိုက်လိုက်၏။

ဓားပြိုင်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်ရှိနေလေသည်။

ပြိုင်ပွဲတစ်ခုနှင့်မတူဘဲ တစ်ယောက်နှင့်တစ်ယောက် သတ်ဖြတ်နိုင်ရန် ကြိုးစားနေသည်ဟုပင် ထင်ရလေသည်။

လုံလီသည် အကြောက်အရွံ့မရှိဘဲ လက်ဝဲဘက်လက်ဖြင့် ဓားကိုကိုင်ကာ တရကြမ်း တိုက်ခိုက်နေ၏။

ဓားရောင်များ တဖျပ်ဖျပ်ဝင်းလက်နေသည်။

လူရိပ်များရောထွေးကာ ရှုပ်ယှက်ခတ်နေသည်။

မကြာပါချေ။

'ခြွမ်း....ခြွမ်း...ခြွမ်း'

'စွန်း'



'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လူရိပ်များ ကွဲသွားသည်။

လုံလီ နောက်သို့ခုန်ဆုတ်လိုက်သည်။

သူ၏အသွင်က ကျားတစ်ကောင်ကဲ့သို့ ပေါ့ပါးဖျတ်လတ်နေသည်။

သူ၏မျက်လုံးများကား အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည်။

တိုက်ပွဲတစ်ခုကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည့် စစ်သူကြီးတစ်ယောက်အလား။

ခရမ်းရောင်ဓားသုံးဖော်။

ခရမ်းရောင်ဓားသုံးဖော်ကိုင်ဆောင်ခဲ့သော ဓားများမှာ မြေပေါ်တွင် ပြန့်ကြဲနေသည်။

သူတို့ကိုယ်တိုင်လည်း ပိုးစိုးပက်စက်လဲကျနေ၏။

သူတို့၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေသည်။

သုံးယောက်စလုံး အသက်ပျောက်နေကြပြီ ဖြစ်ပါသည်။

လုံလီသည် ခရမ်းရောင်ဓားသုံးဖော်အား ပြတ်ပြတ်သားသား အနိုင်ယူလိုက်ပြီဖြစ်လေသည်။

* * *

ခရမ်းရောင်ဓားသုံးဖော်သည် မြေပေါ်တွင် လဲကျသေဆုံးနေကြပြီဖြစ်လေသည်။

လုံလီက ဓားကိုဝှေ့ယမ်းလိုက်သည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ထို့နောက်....

'ခြိမ်း'

ဓားသည် ဓားအိမ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။



လုံလီသည် မြေပေါ်တွင်လဲကျနေသော ဓားသုံးဖော်ကို ကြည့်ကာ....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။

ထိုစဉ်....

'လုံလီ'

အထိတ်တလန့်ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုံလီ ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

မလှမ်းမကမ်းတွင်ရပ်နေသော ကျူးဟုန်ကို တွေ့မြင်လိုက်ရလေသည်။

'ဟား....ဟား....ဟား'

လုံလီက ဟားတိုက်ရယ်မောလိုက်လေသည်။

'နင်တွေ့တယ် မဟုတ်လား၊ ငါက သူတို့ကို အနိုင်ယူနိုင်လိုက်ပြီလေ၊ ဓားကျွန်းရဲ့ဓားပညာဟာ ပြိုင်ဘက်ကင်းတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး လက်ခံရတော့မှာပေါ့'

'နင်... နင်....'

ကျူးဟုန် မျက်စိမျက်နှာပျက်နေသည်။

လုံလီက အလွန်ကြောက်စရာကောင်းသူ တစ်ယောက်ပမာ ကြည့်နေသည်။

လုံလီက....

'ကျူးဟုန်၊ ငါ့ရဲ့အောင်မြင်မှုအတွက် နင် ဝမ်းမသာဘူးလား'

ဟု မေးလိုက်လေသည်။

ကျူးဟုန် ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း'

'နင် ဘယ်လိုဖြစ်နေတာလဲ'

'နင် နင်ဟာ သားရဲတိရစ္ဆာန် တစ်ကောင်လို ဖြစ်နေလို့ပေါ့'



'ဘာ'

'နင်ဟာ လူတစ်ယောက်နဲ့ မတူတော့ဘူး၊ နင်ဟာ အကြင်နာတရားမရှိတဲ့ သားရဲတိရစ္ဆာန် တစ်ကောင်လို ဖြစ်နေပြီ'

'ကျူးဟုန်၊ နင် ဘယ်လို ပြောလိုက်တာလဲ'

ကျူးဟုန်က....

'ငါ....ငါက....'

'ကျူးဟုန်'

'တော်ပြီ လုံလီ၊ နင့်ကို ငါမုန်းသွားပြီ'

'ဘာ'

ကျူးဟုန်က နံဘေးတွင် ရပ်နေသော ရှောင်ကောင်းဘက်သို့ လှည့်ကာ....

'ရှောင်ကောင်း၊ ငါတို့ သွားကြစို့'

ဟုပြောကာ ပြေးထွက်သွားလေသည်။

'ကျူးဟုန်.... ကျူးဟုန်....'

ရှောင်ကောင်းက အော်ခေါ်လိုက်သော်လည်း ကျူးဟုန်က လှည့်မကြည့်တော့ချေ။

လုံလီ သက်ပြင်းချလိုက်လေသည်။

'သူ ဘယ်လိုဖြစ်သွားတာလဲ'

ဟု မေးလိုက်လေသည်။

ရှောင်ကောင်း ပခုံးတွန့်လိုက်သည်။

'ငါလဲ မပြောတတ်ဘူး'

လုံလီက....

'ငါ့ရဲ့ ဓားပညာဘယ်လိုနေသလဲ'

ရှောင်ကောင်းက....

'ပြိုင်ဘက်ကင်းတယ်ဆိုတာ သေချာပါတယ်'

'ကျေးဇူးပဲ'

လုံလီက ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ရှောင်ကောင်းက....



'လုံလီ၊ မင်းက ဓားပညာက လွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားတော့ဘူးလား'

ဟု မေးလိုက်သည်။

လုံလီက....

'ဓားပညာဟာ ငါ့ရဲ့ ဘဝပဲလေ'

ရှောင်ကောင်းက....

'ကျူးဟုန်ကိုကော'

'ကျူးဟုန်'

'ဟုတ်တယ်လေ၊ မင်းက သူ့အပေါ် ဘယ်လိုသဘောထားမလဲ....'

လုံလီက....

'သူဟာ'

ရုတ်တရက် သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့်ရပ်သွား၏။

ကျူးဟုန်အား သူငယ်ချင်းတစ်ယောက်အဖြစ် သဘောထားသည်ဟု ပြောရန် ဖြစ်လေသည်။

သို့သော်....

သူ၏ရင်ထဲ၌ ကျူးဟုန်အား ချစ်မြတ်နိုးနေမိသည်မဟုတ်ပါလား။

သို့သော်....

သူက ဓားကျွန်း၏ဂုဏ်သိက္ခာကိုစောင့်ထိန်းရပေဦးမည်။

ဓားကျွန်း၏ ဓားပညာသည် သိုင်းလောက၌ ဖြိုင်ဘက်ကင်းကြောင်း လက်တွေ့ပြသရဦးမည် ဖြစ်လေသည်။

ထို့ကြောင့်....

အိမ်ထောင်ပြုဖို့ လုံးဝ မစဉ်းစားနိုင်သေးချေ။

ထို့ကြောင့်....

သူက လက်တစ်ဖက်ပြတ် ဒုက္ခိတ ဖြစ်နေသည်။

ကျူးဟုန်ကကော သူ့အား ကြိုက်နှစ်သက် ပါမည်လော။

ကျူးဟုန်သည် သူ့အား မေတ္တာသက်ဝင်နေသည်ဟု ယုံကြည်မိသည်။

ယခုအချိန်တွင်မူ....



'သူက ငါ့ကို မုန်းတယ်လို့ ပြောသွားတာပဲ၊ ငါတို့ရဲ့ ဘဝချင်း နီးစပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါလား'

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

ရှောင်ကောင်းက....

'ကျူးဟုန်က မင်းအပေါ်မှာ သံယောဇဉ် ငြိတွယ်နေတယ်လို့ ငါထင်တယ်'

ဟု ပြောလိုက်လေသည်။

လုံလီ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

'ဘာပြောတယ်'

ရှောင်ကောင်းက....

'သူက မင်းအပေါ်မှာ သံယောဇဉ် ငြိတွယ်နေတယ်လို့ ငါထင်တယ်'

လုံလီက....

'မဖြစ်နိုင်တာကွာ'

'မဖြစ်နိုင်ဘူး ဟုတ်လား'

'အေးလေ၊ သူဟာ ငါ့ရဲ့ သူငယ်ချင်း တစ်ယောက်ပဲ မဟုတ်လား'

'ဟား....ဟား....ဟား'

ရှောင်ကောင်းက ဟားတိုက်ရယ်မောလိုက်သည်။

လုံ့လီက....

'မင်းဘာရယ်တာလဲ'

ရှောင်ကောင်းက....

'သဘောကျလို့ပေါ့ကွာ၊ ကျူးဟုန်က မင်းကို သဘောကျနေတယ်ဆိုတာ ငါသိတာပေါ့'

'မဖြစ်နိုင်တာ'

'ဒါဖြင့် သူက မင်းအပေါ် ဘာကြောင့် ဒီလောက်တောင် ဂရုစိုက်နေရတာလဲ'

'တို့ဟာ သူငယ်ချင်းတွေပဲ မဟုတ်လား'

ရှောင်ကောင်းက....



'လုံ့လီ မင်းက ဓားပညာကိုသာ ဂရုစိုက်နေတော့ သူ့အကြောင်း ဘယ်ရိပ်မိနိုင်ပါတော့မလဲ၊ တကယ်ဆိုရင် သူက မင်းကို သံယောဇဉ်ဖြစ်နေတာကွ'

'မဖြစ်နိုင်တာဘဲ'

ရှောင်ကောင်းက....

'မင်းပြောတဲ့စကားကြားရရင် ကျူးဟုန်တော့ အတော်ကို ဝမ်းနည်းသွားမှာပဲ'

လုံ့လီ ဘာမှမပြောဘဲနေလိုက်လေသည်။

ရှောင်ကောင်းက....

'သူက မင်းကို သံယောဇဉ်ရှိနေတယ်ဆိုတာ သေချာပါတယ်၊ ငါပြောရဲတယ်'

လုံ့လီက....

'ငါက လက်တစ်ဖက်ပြတ်ဒုက္ခိတဖြစ်နေပြီကွ'

ရှောင်ကောင်းက....

'တကယ်ဆိုရင် မင်းဟာ ဓားပညာကိုစွန့်ပြီး ကျူးဟုန်နဲ့အတူ အေးချမ်းသာယာတဲ့ ဘဝတစ်ခုကို တည်ဆောက်သင့်တာပေါ့'

လုံလီ ခေါင်းခါယမ်းလိုက်သည်။

'ဒီကိစ္စတွေအားလုံး ပြီးဆုံးသွားခဲ့ပါပြီကွာ'

'မင်း'

'ငါက ကျူးဟုန်တို့ မေ့ပစ်လိုက်ရတော့မှာပဲ'

'ဘာဖြစ်လို့လဲ'

'ငါ့ဘဝထဲ သူ ဝင်လာရင် သူ ဒုက္ခရောက်သွားမှာပေါ့'

ရှောင်ကောင်းက...

'မင်းက တကယ်ပဲ သူ့ကို မေ့ပစ်လိုက်တော့မှာလား'

'တကယ်ပေါ့'

ရှောင်ကောင်းက....

'သူ အတော်ကိုဝမ်းနည်းသွားမှာပဲ'

လုံလီက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့်....

'ကိစ္စမရှိဘူး၊ ငါက သူ့ကိုမုန်းတယ်ဆိုတာ ပြောပြလိုက်ပါကွာ'



'မှင်း'

လုံလီက လက်ဝှေ့ယမ်းပြလိုက်လေသည်။

'ရှောင်ကောင်း မင်းသွားပါတော့'

'လုံလီ'

လုံလီက ကျောခိုင်းထားလိုက်လေသည်။

ရှောင်ကောင်း သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ငါသွားတော့မယ်'

လုံလီက....

'ငါပြောတဲ့စကားတွေ ကျူးဟုန်ကို ပြောဖြစ်အောင် ပြောပြလိုက်ပါ'

ဟု မှာကြားလိုက်လေသည်။

ရှောင်ကောင်းက....

'စိတ်ချပါကွာ'

ထို့နောက်....

ထွက်ခွာသွားသော ရှောင်ကောင်း၏ခြေသံများကိုကြား လိုက်ရလေသည်။

ရှောင်ကောင်းနှင့် ကျူးဟုန်တို့ ထွက်သွားကြပြီဖြစ်လေ သည်။

လုံလီကား မလှုပ်မယှက်ရပ်လျက်....

မကြာပါချေ။

ရှောင်ကောင်း၏ခြေသံများ တဖြည်းဖြည်း တိတ်ဆိတ် ပျောက်ကွယ်သွားလေတော့သည်။

* * *

## မှားယွင်းသောည

'ဂျိန်း'

မိုးခြိမ်းသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက် သွားသည်။

လေပြင်းများလည်း တိုက်ခတ်လာသည်။

ထို့နောက်....

'ဝေါ....ဝေါ....ဝေါ'

'ဟူး....ဟူး....ဟူး'

'ဝှီး....ဝှီး....ဝှီး'

မိုးသက်လေပြင်း သည်းထန်စွာ ကျရောက်လာလေတော့သည်။

သစ်ပင်များသည် တဖြောင်းဖြောင်း ကျိုးပဲ့ကျနိသည်။

မြေပေါ်တွင် ရွှံ့ဗွက်အိုင်များ၊ ရေစီးမြောင်းများ ဖြစ်ပေါ်လာသည်။

ကမ္ဘာပျက်တော့မည့် နောက်ဆုံးနေ့ရက်အလား ခေါင်းကျွန်းမှ ခေါင်းဂေဟာတွင် မီးရောင်များ ထွက်ပေါ်နေသည်။

လုံလီက ညှော်ခန်းထဲ၌ ထိုင်နေသည်။

သူ၏မျက်လုံးများ ရီဝေနေ၏။

ခရမ်းရောင်ခေါင်း သုံးဖော်အား အနိုင်တိုက်ခဲ့ပြီးနောက် သိုင်းလောကတွင် ပြိုင်ဘက်ကင်းခေါင်းသမားတစ်ယောက်ဖြစ်လာခဲ့ချေပြီ။

သို့သော်....

ပြိုင်ဘက်ကင်း ခေါင်းသမားတစ်ယောက် ဖြစ်လာရေးအတွက် လက်တစ်ဖက်ကို အဆုံးရှုံးခံခဲ့ရသည်။

ချစ်ရသောမိန်းကလေးတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်။



သူ၏ဘဝသည် ဝမ်းသာပျော်ရွှင်စရာ ကောင်းပါမည်လော။

လုံလီသည် စားပွဲပေါ်၌ရှိနေသော အရက်အိုးကို ဆွဲယူကာ မော့သောက်လိုက်လေသည်။

အရက် မည်မျှသောက်မိသည်မသိပါ။

ဦးခေါင်းတစ်ခုလုံး ချာချာလည်အောင် မူးနောက်နေပြီဖြစ်လေသည်။

သို့တိုင်....

လုံလီ အရက် တစ်ခွက်ပြီးတစ်ခွက် သောက်နေဆဲ။

ရုတ်တရက်။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

လုံလီက....

'ဘဘ ပြန်ရောက်လာပြီလား'

ဟု မေးလိုက်လေသည်။

အိမ်ထိန်းကြီးသည် စားနပ်ရိက္ခာဝယ်ယူရန် ဓားကျွန်းမှ ထွက်သွားလေသည်။

ယခုလို မိုးသက်လေပြင်းကျသော ညမျိုးတွင် ပြန်လာတော့မည်မဟုတ်ဘဲ တစ်ဖက်ကမ်းရှိကျောင်းလိမ်မြို့တွင်အနားယူအိပ်စက်မည် ထင်ရသည်။

သို့သော် တံခါးခေါက်သံ ထွက်ပေါ်လာသောအခါ လုံလီထိုင်ရာမှ ထလိုက်သည်။

တံခါးဆီသို့ လှမ်းသွားပြီး ဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားသောအခါ....

'ဟင်'

မမျှော်လင့်သော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် လုံလီပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အကြောင်းကား....

သူတွေ့လိုက်ရသူမှာ ကျူးဟုန် ဖြစ်နေသည် မဟုတ်ပါလား။

'ကျူးဟုန်'



လုံလီ လွှတ်ခနဲအော်လိုက်လေသည်။

မှန်ပေသည်။

ကျူးဟုန်သည် တံခါးပေါက်ရှေ့၌ ရှိနေပါသည်။

လုံလီက ခေါင်းခါယမ်းလိုက်သည်။

'ဟာ....မဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

ကျူးဟုန်က....

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ'

ဟု ပြောကာ အိမ်ထဲသို့ လှမ်းဝင်လာလေသည်။

ကျူးဟုန်ကဲ့သို့ လှပချောမောသော မိန်းကလေး တစ်ယောက်သည် ညကြီးအချိန်မတော် မိုးသက်လေပြင်း ကျရောက်နေချိန်တွင် ဓားကျွန်းသို့ရောက်လာရသည်မှာ အဘယ်ကြောင့်ပါနည်း။

'မင်း....မင်း'

လုံလီက နောက်ဆုတ်လိုက်လေသည်။

ကျူးဟုန်က အိမ်ထဲသို့ဝင်လာသည်။

‘ဂျိမ်း’

လေပြင်းတစ်ချက် ဝေ့ယမ်းတိုက်ခတ်လာလေသည်။

အိမ်တံခါးပိတ်သွားသည်။

မိုးတုတ်တုတ်စို့ရွဲနေသည့် ကျူးဟုန်ကို လုံလီကငေးကြည့်နေ၏။

ကျူးဟုန်က....

‘လုံလီ’

ဟုခေါ်လေသည်။

လုံလီက....

‘နင် နင် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ’

ဟု မေးလိုက်လေသည်။

ကျူးဟုန်က....

‘နင့်ဆီကို ငါလာခဲ့တာပေါ့’



‘နင်’

‘ငါက...’

‘နင်ပြောလိုက်တဲ့စကားတွေကို ရှောင်ကော်င်းက ငါ့ကို ပြန်ပြောပြတယ်’

‘ဩ်’

ကျူးဟုန်က....

‘နင်က ငါ့ကို မုန်းတယ်ပေါ့ ဟုတ်လား’

လုံလီ ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျူးဟုန်က....

‘နင်မှာ အသည်းနှလုံးမရှိရဲလား’

လုံလီ ဘာမှမပြောဘဲ အရက်အိုးကို ဆွဲယူကာ မော့ချလိုက်၏။

သူ၏ တစ်ကိုယ်လုံး ယိုင်ထိုးနေသည်။

ကျူးဟုန်သည် အနီးသို့ လျှပ်တစ်ပြက်ချဉ်းကပ်လာပြီး လုံလီ၏လက်ထဲမှ အရက်အိုးကို ဆွဲယူလိုက်လေသည်။

'ဟင်'

လုံလီ အံ့ဩသွားသည်။

ကျူးဟုန်သည် အရက်အိုးကိုဆွဲယူကာ ကြမ်းပြင်ပေါ် ပေါက်ခွဲပစ်လိုက်လေသည်။

'ခွမ်း'

အရက်အိုး အစိတ်စိတ်အမြွာမြွာ ကွဲအက်ကြေမွသွားလေသည်။

လုံလီက ကျူးဟုန်ကို မျက်လုံးပြူးကာကြည့်လိုက်ပြီး....

'မင်း....မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ပြောလိုက်သည်။

ကျူးဟုန်က....

'ငါမနက်ဖြန် အိမ်ပြန်တော့မယ်၊ ညနေက ရှောင်ကောင်းက နင်ပြောလိုက်တဲ့စကားတွေ လာပြောတယ်၊ ဒါကြောင့် နင့်ကိုတွေ့ချင်လို့ တမင်လာခဲ့တာ'

လုံလီက...



'နင်နဲ့ငါ တွေ့စရာအကြောင်း မရှိတော့ဘူးထင်တယ်'

ကျူးဟုန်က....

'ဟုတ်တယ်၊ တွေ့စရာအကြောင်း မရှိတော့ဘူး၊ နင်နဲ့ငါ လမ်းမခွဲခင်မှာ နင့်ကို လက်ဆောင်ပေးစရာရှိလို့'

'လက်ဆောင်'

'ဟုတ်တယ်'

'ဘာလက်ဆောင်လဲ'

'ဟောဒီမှာလေ'

ပြောပြောဆိုဆို ကျူးဟုန်ကချလိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် လုံလီ မရှောင်နိုင်တော့ပါချေ။

'ဖြန်း'

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာလေသည်။

လုံလီ ယိမ်းယိုင်သွားလေသည်။

ကျူးဟုန်က....

'အဲဒါငါ့ရှဲလက်ဆောင်ပဲ'

ဟု ပြောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

လုံလီက....

'ကျူးဟုန် မပြေးနဲ့'

ဟု အော်ဟစ်ကာ ပြေးလိုက်သွားလေသည်။

ရုတ်တရက် ခုန်အုပ်လိုက်ခြင်းကြောင့် ကျူးဟုန် လွတ်အောင် ထွက်မပြေးနိုင်တော့ပေ။

'ဝှန်း'

နှစ်ယောက်သားလုံးထွေးကာ ကြမ်းပြင်ပေါ် လှဲကျသွားလေတော့သည်။

* * *



နံနက်ခင်း၏နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့် တိုးဝင်လာလေသည်။

အေးမြသော . လေပြည်လေညင်းလည်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

မိုးကောင်းကင်တစ်ခုလုံး ကြည်လင်သာယာနေသည်။

မနေ့ညက မိုးသက်လေပြင်း တိုက်ခတ်မှုကား အိပ်မက်ပမာ ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

'အား....ကျွတ်....ကျွတ်'

ညည်းညူသံနှင့်အတူ လုံလီ မျက်လုံးပွင့်လာလေသည်။

သူ၏ဦးခေါင်းထဲ၌ နာကျင်ကိုက်ခဲနေသည်။

မျက်လုံးများလည်း ကျိန်းစပ်နေသည်။

သူက ကြမ်းပြင်ပေါ်တွင် အိပ်စက်နေကြောင်း သတိပြုမိလိုက်သဖြင့် ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။

ရုတ်တရက်....

သူ၏တစ်ကိုယ်လုံး အရက်နံ့ တထောင်းထောင်းထနေသည့်ကြားမှ မွှေးကြိုင်သောအနံ့တစ်ခုကို ရှူရှိုက်လိုက်မိလေသည်။

လုံလီသည် တစ်စုံတစ်ခုကို သတိရလိုက်လေသည်။

'ကျူးဟုန်'

ဟု ခေါ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျူးဟုန်ကို ရှာမတွေ့ပါ။

လုံလီ ဒယီးဒယိုင်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်၏။

တံခါးပေါက်အနီးတွင် နှင်းဆီပန်းကလေးတစ်ပွင့် ကျနေသည်ကို တွေ့ရလေသည်။

နှင်းဆီပန်းလေးကား ကြွေမွနေသည်။

ထိုနှင်းဆီပန်းလေးသည် ကျူးဟုန်၏ပန်းဖြစ်ပါသည်။

ကျူးဟုန်က သူ့ထံသို့ရောက်လာခဲ့သည်မှာ ထင်ရှားသေချာနေပါတော့သည်။



အိပ်မက်တစ်ခုမဟုတ်ပါ။

ဤသို့ဆိုလျှင်....

ရှုတ်တရက် ခြေသံများထွက်ပေါ်လာလေသည်။

'ကျူးဟုန်'

လုံလီက အော်ခေါ်လိုက်လေသည်။

ထိုစဉ်....

အိမ်ထဲသို့ဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အိမ်ထိန်းကြီးဖြစ်နေပါသည်။

လုံလီက....

'ဘာဘာ ကျူးဟုန်ကို တွေ့မိသလားဟင်'

ဟု မေးလိုက်လေသည်။

အဘိုးအိုက....

'ကျင်းလိမ်မြို့မှာ တွေ့ခဲ့ပါတယ်၊ သူက ဇာတိရပ်ရွာကို ပြန်သွားပါပြီ၊ သခင်လေးကို နှုတ်ဆက်သွားပါတယ်'

ဟု ပြောလာလေသည်။

လုံလီငိုင်ကျသွားတော့သည်။

ကျူးဟုန်ကား ဇာတိရပ်ရွာသို့ ပြန်သွားပြီဖြစ်သည်။

သူတို့နှစ်ယောက် ဆုံတွေ့ခဲ့သည့်ဖြစ်ရပ်သည်။

* * *

## ဖော်ကောင်

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ငှက်အော်သံများဆူဆူညံညံထွက်ပေါ်လာတော့မှ လုံလီ သတိဝင်လာလေသည်။

ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သောအခါ ကျီးကန်း ဆယ့်လေးငါးကောင်ရောက်ရှိနေပြီး သူ ပက်ကြဲထားသော ငှက်စာများကို အလုအယက် စားသောက်နေသည်ကို တွေ့ရလေသည်။

လုံလီ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကျီးကန်းများ ရောက်လာပြီဖြစ်သည်။

သူ မျှော်လင့်နေသော ဦးကွက်နှင့်လည်း တွေ့ရတော့မည် မဟုတ်ပါလား။

လုံလီက သက်ပြင်းချကာ ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ်....

လူတစ်ယောက် သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုံလီက ထိုလူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ မျက်လုံးပြူးပြူး ပုပုဝဝရှိလေသည်။

ရုတ်တရက်ကြည့်လျှင် ဦးကွက်တစ်ကောင်နှင့် တူသည်ဟု ပင် ထင်ရလေသည်။

ထိုလူက အနီးသို့ရောက်လာလျှင် လုံလီက....

'ခင်ဗျား ဦးကွက်လား'

ဟု ဆီးကြိုမေးလိုက်လေသည်။

ထိုလူက ရယ်မောလိုက်သည်။

'မင်းက ကျုပ်ကိုသိနေတာကိုး'



လုံလီက....

'ကျုပ်က ခင်ဗျားကိုတွေ့ချင်လို့လာခဲ့တာ'

ဦးကွက်က....

'ဘာကိစ္စလဲ ပြောပါ'

လုံလီက....

'ကျုပ်က ပင့်ကူအဖွဲ့ကို ခင်ဗျားက ဘာကြောင့် ငွေပေးပြီး ခိုင်းခဲ့ရတယ်ဆိုတာ သိချင်တယ်'

ဟု မေးလိုက်လေသည်။

ဦးကွက်က....

'စိတ်ပျက်စရာပဲ'

ဟု ညည်းတွားလိုက်လေသည်။

လုံလီက....

'ခင်ဗျားက ငွေကို အဓိကထားတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် ခင်ဗျားအတွက် ကြိုက်စျေးပေးမယ်'

ဟု ပြောလိုက်၏။

ဦးကွက်၏မျက်လုံးများ ပို၍ ပြူးကျယ်သွားသည်။

'ကြိုက်ဈေးပေးမယ် ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းပြီ....မင်းဘယ်လောက်ပေးမလဲ'

'ခင်ဗျားပြောပြတဲ့ သတင်းတန်ဖိုးပေါ်မှာ မူတည်ပြီး ပေးမယ်'

ဦးကွက်က ရယ်မောလိုက်လေသည်။

'မဆိုးဘူး၊ ဒါပေမယ့် မင်းက ဘယ်လိုသတင်းမျိုးကို သိချင်တယ်ဆိုတာလဲ အရေးကြီးတယ်လေ၊ မင်းသိချင်တဲ့ သတင်းအပေါ်မူတည်ပြီး ငွေတောင်းရမှာ မဟုတ်လား'

လုံလီက....

'ကျုပ်က ပင့်ကူအဖွဲ့ကို ဘယ်သူက အသုံးချချင်ရသလဲ ဆိုတာ သိချင်တယ်'

ဟု ပြောလိုက်လေသည်။

ဦးကွက်က....



'ဒါဟာ တကယ်လျှို့ဝှက်ချက်ပဲ'

လုံလီက....

'ကျုပ် ဘယ်လောက်ပေးရမလဲ'

ဦးကွက် ခေါင်းခါယမ်းလိုက်သည်။

'တစ်ပြားမှ ပေးစရာမလိုဘူး'

'ဟင်'

'ဘာကြောင့်လဲဆိုတော့ ကျုပ်က ပြောပြနိုင်မှာ မဟုတ်လို့ပဲ'

လုံလီက....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်သည်။

ဦးကွက်က....

'ပြောပြလို့ မဖြစ်လို့ပေါ့'

လုံလီက....

'သိပ်အရေးကြီးတယ်ဟုတ်လား'

–ဇီးကွက်က ...

'အရေးကြီးတာမဟုတ်ဘူး၊ အန္တရာယ်များတာ'

'ဪ'

လုံလီက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ဇီးကွက်ကို စိုက်ကြည့်လိုက်ပြီး....

'အသက်အန္တရာယ်ကြောင့်ပေါ့ ဟုတ်လား'

ဟု မေးလိုက်ပြန်သည်။

ဇီးကွက်က....

'ဟုတ်တယ်'

လုံလီက....

'ကောင်းပြီ၊ ကျုပ်က ဒီသတင်းအတွက် အဖိုးအခ အဖြစ် အသက်တစ်ချောင်း ပေးမယ်ဆိုရင်ကော'

'အသက်တစ်ချောင်း'



'ဟုတ်တယ်'

ဇီးကွက် အံ့ဩသွားလေသည်။

လုံလီကို မယုံကြည်နိုင်စွာကြည့်ရင်း....

'ဘယ်လို အသက်တစ်ချောင်း ပေးမှာလဲ၊ ပြောစမ်းပါဦး'

ဟု မေးလေသည်။

လုံလီက....

'ခင်ဗျားရဲ့အသက်ပါ'

'ဘာ'

'ခင်ဗျားက ပြောမပြဘူးဆိုရင် အသက်ဆုံးရှုံးသွားရလိမ့်မယ်'

ဇီးကွက် မကျေမနပ် ဖြစ်သွားလေသည်။

'ဒါဟာ ကျုပ်ကို ခြိမ်းခြောက်နေတာပဲ'

လုံလီက....

'ကျုပ်က ခြိမ်းခြောက်တာမဟုတ်ဘူး၊ တကယ်ပြောနေတာ'

ဇီးကွက် အံကြိတ်လိုက်သည်။

'ကျုပ်က မင်းကို ကြောက်နေရမှာလား'

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်လေသည်။

ဤတွင်....

လူနှစ်ယောက်သည် သူတို့အနီးသို့ ရိပ်ခနဲ ရောက်ရှိလာကြလေတော့သည်။

* * *

လူသန်ကြီးနှစ်ယောက်သည် အနီးသို့ ရောက်ရှိလာကြလေသည်။ ဇီးကွက်၏ သက်တော်စောင့်များ ဖြစ်ပုံရလေသည်။

ဇီးကွက်က ရယ်မောလိုက်သည်။



'မင်းပြောသလို တတ်နိုင်ပါ့မလား'

ဟု လုံလီကို မေးလေသည်။

လုံလီ ခေါင်းညိတ်လိုက်သည်။

'တတ်နိုင်ပါတယ်'

ဇီးကွက်က...

'ကောင်းပြီ'

သူက လူသန်ကြီးနှစ်ယောက်အား လက်ဝှေ့ယမ်းပြလိုက်ပြီး....

'ကဲဟေ့....သူ့ကို ဆုံးမလိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

လူသန်ကြီးနှစ်ယောက်သည် ချက်ချင်းပင် လုံလီအား တိုက်ခိုက်လိုက်ကြလေသည်။

လုံလီကလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ခါးမှ ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

မရွှေးမနှောင်းမှာပင်....

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ လူသန်ကြီးနှစ်ယောက်မှာ မြေပေါ်ပုံလျက်သား လဲကျသွားကြလေတော့သည်။

'ဟင်'

ဦးကွက် ထိတ်လန့်သွားလေသည်။

လုံလီကို မျက်လုံးပြူးကာကြည့်ရင်း....

'မင်း....မင်း'

လုံလီက....

'ကဲ....ခင်ဗျား ပြောတော့မလား'

ဟု မေးလိုက်လေသည်။

သူ၏ လက်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် မိမိ၏အသက် ဆုံးရှုံးသွားနိုင်ကြောင်း ဦးကွက် ကောင်းစွာ သဘော ပေါက်သွားပြီဖြစ်သည်။



လုံလီက....

'ကဲ....ပင့်ကူအဖွဲ့ကို ငွေးရမ်းအသုံးချခိုင်းတာ ဘယ်သူလဲ၊ ပြောပါ'

ဟု မေးလိုက်လေသည်။

ဦးကွက်က....

'ကျုပ်မပြောနိုင်ဘူး'

ဟု ငြင်းလေသည်။

လုံလီက....

'ခင်ဗျား သေချင်လို့လား'

ဦးကွက်က....

'မင်းမကျေနပ်ရင် ကျုပ်ကို သတ်ပစ်လိုက်'

'သြော်....'

'ကျုပ်ကတော့ မပြောနိုင်ဘူး'

'ကောင်းပြီ'

လုံလီသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်ထဲ ကိုင်ထားသောဓားကို ဝှေ့ယမ်းလိုက်လေသည်။

'ရှမ်း....'

'အား'

ဇီးကွက် လှတ်ခနဲ အော်လိုက်လေသည်။

လုံလီ၏ ဓားချက်ကြောင့် ဇီးကွက်၏ ဝဲဘက်ပခုံးတွင် သွေးခြင်းခြင်းနီရဲကာဒဏ်ရာများရသွားသည်မဟုတ်ပါလား။

ဇီးကွက်သည် အထိတ်တလန့်နှင့် နောက်ဆုတ်သွားလေသည်။

လုံလီက ခေါင်းခါယမ်းလိုက်လေသည်။

'ခင်ဗျား ထွက်ပြေးလို့မရပါဘူး'

ဇီးကွက်က....

'မင်း....မင်း'

လုံလီက....

'ကဲ....ဘယ်သူက ခင်ဗျားကို အလုပ်အပ်ခဲ့တာလဲ ပြောစမ်းပါဦး'

'ကျုပ် မပြောဘူး'

'ခင်ဗျား သေချင်ပြီထင်တယ်'



'မင်း သတ်ချင် သတ်ပစ်လိုက်'

'ခင်ဗျားက ဒီလိုလား၊ ကောင်းပြီ'

လုံလီက ကြုံးဝါးလိုက်သည်။

ဇီးကွက်ကို ဓားဖြင့်ထိုးသွင်းရန် ဟန်ပြင်လိုက်လေသည်။

ဇီးကွက်သည် တကယ်တမ်း အသတ်ခံရတော့မည် ဆိုသောအခါ မျက်စိမျက်နှာ ပျက်သွားပြီး....

'မလုပ်ပါနဲ့'

အထိတ်တလန့် အော်လိုက်လေသည်။

လုံလီက....

'ခင်ဗျား ပြောမလား အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကိုသာ ရွေးပေတော့'

ဇီးကွက် မတတ်သာတော့ပါ။

သူက မပြောဘဲနေလျှင်လုံလီက ညှာတာမည်မဟုတ်ဘဲ သုတ်သင်ရှင်းလင်းပစ်တော့မည်ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့်....

'ကျုပ်ကို ခိုင်းတဲ့လူဟာ ရှောင်ဂေဟာပိုင်ရှင်ပါ'

ဟု ပြောလေသည်။

'ဟင်...'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် လုံလီပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။

ရှောင်ဂေဟာပိုင်ရှင်မှာသူ၏အချစ်ဆုံးသူငယ်ချင်း ရှောင်ကောင်းဖြစ်နေသည် မဟုတ်ပါလား။

ရှောင်ကောင်းဟာ ဇီးကွက်ကိုငွေပေးကာ ပင့်ကူကြေးစားအဖွဲ့ကို အသုံးပြုရန် စေခိုင်းခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း။

လုံလီက...

'ခင်ဗျားလိမ်ပြောရင် သေသွားမယ်'

ဟု ငေါက်လိုက်လေသည်။

ဇီးကွက်က...

'ကျုပ် ဘာဖြစ်လို့ လိမ်ပြောရမှာလဲ'



လုံလီက...

'ခင်ဗျားကိုငွေပေးပြီး အလုပ်အပ်ခဲ့တာ ရှောင်ဂေဟာပိုင်ရှင်ဆိုတာ သေချာတယ်နော်'

ဇီးကွက်က...

'သူခိုင်းလို့ ကျုပ်က ပင့်ကူအဖွဲ့နဲ့ ဆက်သွယ်ခဲ့ရတာပဲဗျ'

လုံလီက...

'သူက ဘာကြောင့် ခိုင်းရတာလဲ'

ဇီးကွက်က...

'ဒါ ကျုပ်အလုပ်မဟုတ်ဘူးလေ'

လုံလီက...

'ကောင်းပြီ၊ ခင်ဗျားမပြောရင် ကျုပ်က ရှောင်ကောင်းကို သွားမေးရမှာပဲ'

ဇီးကွက်က...

'ဘယ်က ရှောင်ကောင်းလဲ'

လုံလီက….

'ရွှောင်ဂေဟာ ပိုင်ရှင့်ပေါ့'

ဇီးကွက်က….

'ရွှောင်ဂေဟာပိုင်ရှင်ဟာ ရွှောင်ကောင်းမှ မဟုတ်တာ'

ထိုစကားကြောင့် လုံလီကြောင်အမ်းအမ်းဖြင်သွားသေသည်။ ဇီးကွက်ကို စိုက်ကြည့်လိုက်ပြီး….

'ရွှောင်ဂေဟာပိုင်ရှင်ဟာ ရွှောင်ကောင်းမဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ'

'မင်းမှားနေပြီ'

'ဘာဗျ'

'ကျုပ်ပြောတဲ့ ရွှောင်ဂေဟာက ဒီမြို့က မဟုတ်ဘူး'

လုံလီက….

'ဒါဖြင့် ဘယ်မြို့ကလဲ'

ဇီးကွက်က….

'ဝူစူးမြို့က….'



လုံလီက….

'ဝူစူးမြို့မှာ ရွှောင်ဂေဟာရှိတယ် ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းပြီ၊ ဝူစူးမြို့ ရွှောင်ဂေဟာပိုင်ရှင်ရဲ့နာမည် ဘယ်သူလဲ ပြောပါဦး'

လုံလီက မေးလိုက်သည်။

ဇီးကွက်က….

'သူ့နာမည် ရွှောင်ချန်းလို့ ခေါ်ပါတယ်'

'ရွှောင်ချန်း'

'ဟုတ်တယ်'

'ရွှောင်ချန်းက ခင်ဗျားကိုခိုင်းခဲ့တာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

လုံလီက….

'ကောင်းပြီ၊ ရွှောင်ချန်းရဲ့ အကြံအစည်ကို ပြောပြစမ်းပါဦး'

ဇီးကွက် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မသိဘူး'

လုံလီက....

'ခင်ဗျား ဘာကြောင့် မပြောချင်ရတာလဲဗျ'

ဇီးကွက်က....

'ကျုပ် မပြောချင်လို့ မဟုတ်ဘူး၊ ကျုပ်တကယ်ကို ဘာမှ မသိလို့ပါ'

လုံလီက ဇီးကွက်ကို စိုက်ကြည့်လိုက်လေသည်။

ဇီးကွက်က အမှန်အတိုင်း ပြောနေခြင်း ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့်....

'ကောင်းပြီလေ၊ ကျုပ်က ဝူစူးမြို့က ရှောင်ဂေဟာကို သွားပြီးစုံစမ်းကြည့်မယ်၊ ခင်ဗျားလိမ်ပြောတာဆိုရင်တော့ ကျုပ်အကြောင်း ကောင်းကောင်းသိရမယ်၊ ကဲ....ခင်ဗျား သွားပေတော့'

ဟုပြောကာ ဓားကို ရုပ်သိမ်းလိုက်လေသည်။



ဇီးကွက် သက်ပြင်းချလိုက်သည်။

'တကယ်လို့ မင်းက ရှောင်ဂေဟာကို ရောက်သွားရင် ငါက မင်းကိုသတင်းပေးလိုက်တယ်ဆိုတာ မပြောပါနဲ့'

ဟု တောင်းပန်လေသည်။

လုံလီ ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါဗျာ'

ဇီးကွက်က....

'မင်းကို ကျေးဇူးတင်ပါတယ်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

* * *

ပထမရှောင်ဂေဟာ

---

ဝူစူးမြို့။

လုံလီသည် ဝူစူးမြို့သို့ ရောက်ရှိလာပြီဖြစ်လေသည်။

သူက ရှောင်ဂေဟာသို့ မသွားသေးပါ။

လူစည်ကားသော စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ရောက်ကာ အနားယူ စားသောက်လိုက်ပြီး သတင်းစုံစမ်းလိုက်လေသည်။

ရှောင်ဂေဟာသည် ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသော ဂေဟာတစ်ခုဖြစ်လေသည်။

စီးပွားရေးလုပ်ငန်းများစွာ ပိုင်ဆိုင်ထားသည်။



ရှောင်ဂေဟာပိုင်ရှင် ရှောင်ကျင်းတွင် သားနှစ်ယောက်ရှိပြီး သားအကြီးမှာအိမ်ထောင်ကျကာ တစ်မြို့တစ်နယ်တွင် နေထိုင်လျက်ရှိပေသည်။

သားအငယ် ရှောင်ချန်းသည်လည်း မကြာမီ မင်္ဂလာဆောင်တော့မည် ဖြစ်လေသည်။

ရှောင်ဂေဟာသည် သိုင်းလောကမှထင်ရှားသော သိုင်းသမားကြီးများနှင့် ခင်မင်ရင်းနှီးသည့်အပြင် မြို့စား နယ်စား စသော ရာထူးရာခံ ရှိသူများနှင့်လည်း ခင်မင်ရင်းနှီးလေသည်။

ထိတ်ထိတ်ကြဲ လူကုံထံများ ဖြစ်ကြလေသည်။

ရှောင်ဂေဟာသည် နှယ်နှယ်ရရ ဂေဟာတစ်ခု မဟုတ်ကြောင်း စုံစမ်းသိရှိလိုက်ရလျှင် လုံလီအံ့ဩသွားလေသည်။

'သူတို့ဟာ ထင်ရှားတဲ့ လူကုံထံတွေ ဖြစ်ကြပြီး ဘာကြောင့်များ ကြေးစားပင့်ကူအဖွဲ့နဲ့ ပတ်သက်ခဲ့ရတာလဲ'

ဟု တွေးလိုက်မိလေသည်။

လုံလီသည် ရှောင်ဂေဟာတွင် ထူးခြားချက် တစ်ခုခု ရှိရမည်ဟု နားလည်လာလေသည်။

ထို့ကြောင့်....

ထပ်မံစုံစမ်းကြည့်လိုက်သောအခါ ထူးခြားသောသတင်း တစ်ခုကို ကြားသိလာရပြန်လေသည်။

ရှောင်ဂေဟာနှင့် နီးစပ်သူတစ်ယောက်ထံမှ ထွက်ပေါ်လာသော သတင်းဖြစ်လေသည်။

ထိုသတင်းမှာ....

ရှောင်ဂေဟာ၏သခင်လေး ရှောင်ချန်းသည် လက်ထပ်မင်္ဂလာဆင်နွှဲရန်ရက်ကြေညာထားပြီးမှ လက်ထပ်မည့်ရက်ကို ရွှေ့ဆိုင်းထားခြင်း ဖြစ်သည်။

အဘယ်ကြောင့် ရွှေ့ဆိုင်းထားရသည်ကို ရှင်းလင်းဖော်ပြခြင်း မပြုချေ။

ထိုကိစ္စသည် အများသူငါ စိတ်ဝင်စားနေသော သတင်းဖြစ်လေတော့သည်။

ထိုအဖြေကိုသိရပါက ရှောင်ဂေဟာက အဘယ်ကြောင့် ကြေးစားပင့်ကူအဖွဲ့နှင့် ပတ်သက်ခဲ့ရသည်ကို သိလာရမည် ဖြစ်လေသည်။

ထိုသို့ သိလာရသည်နှင့် ရှုပ်ထွေးနေသော ကိစ္စများကို ဖြေရှင်းနိုင်လိမ့်မည် ဖြစ်လေသည်။



လုံလီသည် အဘယ်ကြောင့် မင်္ဂလာပွဲအားရွှေ့ဆိုင်းလိုက်ရသည်ဆိုခြင်းကို စုံစမ်းဖော်ထုတ်ရန်ဆုံးဖြတ်လိုက်လေသည်။

သူက အခြားသူများထံတွင် စုံစမ်းမနေတော့ဘဲ ရှောင်ဂေဟာသို့ တိုက်ရိုက်သွားရောက် စုံစမ်းရန်လည်း ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ရှောင်ဂေဟာ....

ကြီးကျယ်ခမ်းနားလှသော ရှောင်ဂေဟာသို့ လုံလီ ရောက်ရှိလာပြီ ဖြစ်လေသည်။

ဂေဟာရှေ့တွင် အစောင့်အကြပ်များ စောင့်ကြပ်နေကြလေသည်။

လုံလီ ရောက်ရှိသွားသောအခါ....

'ဘာကိစ္စလဲ ရပ်လိုက်'

အစောင့်များက ဟန့်တားလိုက်ကြလေသည်။

လုံလီက....

'ကျုပ်က ရှောင်ဂေဟာရှင်နဲ့ တွေ့ချင်လို့ လာခဲ့တာပါ'

ဟု ပြောလိုက်လေသည်။

အစောင့်တို့က....

'ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ'

ဟု မေးလာကြလေသည်။

လုံလီက....

'ကျုပ်ဟာ ပင့်ကူမိတ်ဆွေတစ်ယောက်လို့ ပြောလိုက်ရင် သူတို့သိပါတယ်'

အစောင့်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

အစောင့်တစ်ယောက်က....

'ဂေဟာရှင်ကို သွားပြောလိုက်ရင် ကောင်းမယ်'

ဟု ပြောလေသည်။

ကျန်တစ်ယောက်က....



'မဖြစ်ဘူးထင်တယ်'

'ဘာကြောင့်လဲ'

'သူဟာ လက်တစ်ဖက်ပြတ်ဒုက္ခိတလဲ ဖြစ်တယ်၊ ခေါးကိုလဲ ခါးမှာဆောင်ထားတော့ သိုင်းသမားတစ်ယောက်ဖြစ်နိုင်တယ်'

'အေးလေ.... သခင်ကြီးကို သွားပြောပြလိုက် တာ အကောင်းဆုံးပဲ၊ ဒါမှ သခင်ကြီးက တွေ့ခွင့်မတွေ့ခွင့် ဆုံးဖြတ်မှာပေါ့ကွ'

'ကောင်းပြီ....မင်း ကြည့်ထား၊ သခင်ကြီးကို ငါသွားပြီး အကြောင်းကြားလိုက်မယ်'

'အေး....အေး'

အစောင့်နှစ်ယောက်သည် တီးတိုး တိုင်ပင်လိုက်ကြပြီး အစောင့်တစ်ယောက်က ဂေဟာအတွင်းသို့ ဝင်သွားလေသည်။

ကျန်တစ်ယောက်က....

'သခင်ကြီးကိုသွားပြီး အကြောင်းကြားနေတယ်၊ ခဏစောင့်ပါဦး'

ဟု ပြောလေသည်။

လုံလ ီက ခေါင်းညိတ်ပြကာ စောင့်ဆိုင်းနေလိုက်လေသည်။

မကြာပါချေ။

အတွင်းဘက်သို့ ဝင်သွားသောအစောင့်က ပြန်ထွက်လာလေသည်။

'ဘယ်လိုလဲဟေ့'

ကျန်ရစ်ခဲ့သူက လှမ်းမေးလိုက်သည်။

အတွင်းဘက်မှထွက်လာသောအစောင့်က....

'သခင်ကြီးက ဝင်ခွင့်ပြုလိုက်တယ်'

ဟု ပြောလာသည်။

တစ်ဖန် လုံလ ီဘက်သို့ လှည့်ကာ....

'အထဲဝင်ပါဗျာ'

ဟု ဖိတ်ခေါ်လိုက်လေသည်။



'ကျေးဇူးပဲ'

အစောင့်က လုံလ ီကို လမ်းပြ ခေါ်ဆောင်သွားလေသည်။

လုံလ ီကလည်း လိုက်သွား၏။

မကြာပါချေ။

ကျယ်ဝန်းခမ်းနားလှသော ဧည့်ခန်းဆောင်ကြီးတွင်းသို့ ရောက်ရှိသွားကြလေသည်။

'ထိုင်ပါ'

အစောင့်က နေရာထိုင်ခင်းပေးလေသည်။

စားသောက်ဖွယ်ရာများဖြင့်လည်း ဧည့်ခံကျွေးမွေးလေသည်။

'သခင်ကြီး ထွက်လာပါလိမ့်မယ်'

ဟု ပြောလေသည်။

'ကောင်းပါပြီဗျာ'

လုံလ ီက အေးအေးဆေးဆေး ထိုင်စောင့်နေလိုက်လေသည်။

မကြာပါချေ။

ဂေဟာအတွင်းဘက်မှ အသက်ငါးဆယ်ကျော်ခန့် ရှိသူ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသလို ဥပဓိရုပ်ကောင်းလှသည်။

ဂေဟာပိုင်ရှင် ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

လုံလီက ထိုင်ရာမှထကာ ဦးညွှတ် ဂါရဝပြုလိုက်လေသည်။

အဘိုးအိုက....

'ကျုပ်က ရွှောင်ဂေဟာပိုင်ရှင် ရွှောင်ကျင်းပါ၊ ကျုပ်ကို ဘာကိစ္စကြောင့် တွေ့ချင်ရတယ်ဆိုတာပြောပါ'

ဟု မေးလာလေသည်။

လုံလီက....

'ကျွန်တော်က သိချင်တာလေးတစ်ခုရှိလို့ လာမေးတာပါ'



အဘိုးအို(ဝါ)ရွှောင်ကျင်းက....

'မောင်ရင်လေးက ရွှောင်ဂေဟာနဲ့ ပတ်သက်ပြီး သိချင်တာတွေရှိနေတယ် ဟုတ်လား'

ဟု မေးလေသည်။

လုံလီက....

'ဟုတ်ပါတယ် ခင်ဗျာ'

ရွှောင်ကျင်းက....

'မောင်ရင်လေးက ဘာများသိချင်လို့လဲ ပြောပါဦး'

ဟု မေးလာလေသည်။

လုံလီက....

'ရွှောင်ဂေဟာသခင်လေး ရွှောင်ချန်းရဲ့ မင်္ဂလာပွဲကိစ္စကို ဘာကြောင့် ရွှေ့ဆိုင်းထားရသလဲဆိုတာ သိချင်လို့ပါ'

'ဟင်'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ရွှောင်ကျင်း မျက်နှာပျက်သွားလေသည်။

လုံလ ကို စိုက်ကြည့်လိုက်ပြီး....

'ကျုပ်တို့ဂေဟာရဲ့ မင်္ဂလာပွဲကို ဘာကြောင့် ရက်ရွှေ့ဆိုင်းလိုက်ရတယ်ဆိုတာ မင်း သိချင်တယ်ဟုတ်လား'

'ဟုတ်ပါတယ်'

'နေပါဦး၊ ဒီကိစ္စက မင်းနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ၊ ပြောစမ်းပါဦး'

လုံလ က....

'ထိုက်ဝူမြို့မှာ ပြဿနာတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်၊ အဲဒီပြဿနာကို အဖြေဖော်ထုတ်နိုင်ဖို့ လာပြီး စုံစမ်းတာပါ'

ရှောင်ကျင်းက....

'ထိုက်ဝူမြို့ဟုတ်လား'

'ဟုတ်ပါတယ်'

'နေပါဦး၊ မင်းမှာ ဘယ်လိုပြဿနာများ ရှိနေလို့လဲ'

လုံလ က....



'ရှောင်ဂေဟာရဲ့မင်္ဂလာပွဲကို ဘာကြောင့် ရွှေ့ဆိုင်းခဲ့ရသလဲဆိုတာကို ကျေးဇူးပြုပြီး အရင် ပြောပြစေချင်ပါတယ် ခင်ဗျာ'

ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ရှောင်ကျင်းက....

'ကျုပ်က မင်းကိုမသိဘူး၊ ဒီမင်္ဂလာပွဲနဲ့ မင်းဟာ ပတ်သက်စရာအကြောင်း မရှိဘူးထင်တယ်'

လုံလ က....

'ကျွန်တော်နဲ့မပတ်သက်တာတော့ အမှန်ပါပဲ'

ရှောင်ကျင်းက....

'ဒါဆို ကျုပ်တို့ ဘာမှ ဆက်ပြောစရာအကြောင်း မရှိတော့ပါဘူး၊ မင်း ပြန်နိုင်ပါပြီ'

'ဦးက....'

'ကျုပ်တို့မိသားစုရဲ့ အတွင်းရေးကို ကိုယ်မသိတဲ့ မျက်နှာစိမ်းတစ်ယောက်ကို ဖွင့်ပြောလိမ့်မယ်လို့ မင်းထင်နေသလား'

လုံလီ သက်ပြင်းချလိုက်သည်။

သူက မည်သို့ပင်မေးမေး ရှောင်အင်း ပြောပြမည်မဟုတ်ကြောင်း နားလည်မိလေသည်။

ထို့ကြောင့်....

'ကောင်းပြီလေ၊ ကျွန်တော် နောက်တစ်ခေါက်လာပါဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်သည်။

ထို့နောက်....

ရှောင်ဂေဟာအတွင်းမှ ထွက်လာခဲ့လေတော့သည်။

*　　　*　　　*

လုံလီသည် ရှောင်ဂေဟာကို ကျောခိုင်းကာ ထွက်လာခဲ့လေသည်။



ရှောင်ဂေဟာနှင့် ခပ်လှမ်းလှမ်းသို့ရောက်လျှင်....

'အစ်ကိုကြီး'

နောက်ကျောဘက်မှ ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုံလီ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

ကပျာကယာ နောက်လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

လူငယ်တစ်ယောက်က ပြေးလိုက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်သည် အနီးသို့ ရောက်ရှိလာလေသည်။

လုံလီက မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

လူငယ်က....

'အစ်ကိုကြီး ရှောင်ဂေဟာက ပြန်လာတာမဟုတ်လား' ဟု မေးလေသည်။

ယခုမှ....

လုံလိသည် ထိုလူငယ်အား မှတ်မိလိုက်လေသည်။

ထိုလူငယ်သည် လုံလိမြင်းလှည်းသမားဘဝဖြင့် ဇာတ်မြှုပ်ထားစဉ် ထိုက်ဝူမြို့ပြင်ရှိ ရှေးဟောင်းဘုံကျောင်းသို့ လိုက်လံပို့ဆောင်ခိုင်းခဲ့သော သူဌေးကြီးလင်းဟူထံမှ ငွေအိတ်ကို လုယူထွက်ပြေးခဲ့သော လူငယ်ဖြစ်လေသည်။

ထိုလူငယ်သည် သူဌေးကြီးလင်းဟူ၏သမီး လင်းလင်းနှင့် ချစ်ကြိုက်နေပြီး လင်းလင်းက သူဌေးသားတစ်ယောက်နှင့် လက်ထပ်တော့မည်ဖြစ်၍ ခံပြင်းဒေါသထွက်ကာ လင်းလင်းကို ဒုက္ခပေးဖို့ကြံစည်ခဲ့သူလည်း ဖြစ်နေပါတော့သည်။

'လက်စသတ်တော့ မင်းကိုး၊ ငါက ရှောင်ဂေဟာက ပြန်လာခဲ့တာပဲ'

ဟု ပြောလိုက်သည်။

လူငယ်က....

'ကျွန်တော့်နာမည် ယို့ချီပါ၊ အစ်ကိုကြီးက ရှောင်ဂေဟာထဲမှာ လင်းသင်းကို တွေ့ခဲ့သလားဟင်'

ဟု မေးလာလေသည်။

လုံလိက....



'မင်းက အဝေးကိုထွက်သွားပြီလို့ ငါထင်နေတာ၊ မင်းက မသွားသေးဘဲကိုး၊ ဘာလဲ လင်းလင်းကို သံယောဇဉ်မကုန်နိုင်ဘူးပေါ့ ဟုတ်လား'

ယို့ချီက....

'ကျွန်တော် ထွက်သွားတော့မလို့ပါပဲ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲကွ'

'လင်းသင်းရဲ့အဖေ သူဌေးကြီးလင်းဟူ အသတ်ခံလိုက်ရတယ်ဆိုတဲ့ သတင်းကြားလို့ ထွက်မသွားဖြစ်တော့တာပါ'

လုံလိက....

'ငါက မင်းရဲ့လက်ချက်လို့တောင် ထင်နေတာ'

ဟု ပြောလိုက်သည်။

ယို့ချီ မျက်လုံးပြူးသွားလေသည်။

'ဟာ....မဟုတ်တာ အစ်ကိုကြီးရာ'

လုံလိက....

'မင်းရဲ့လက်ချက် မဟုတ်ရင် ဘယ်သူ့ရဲ့လက်ချက်လဲ၊ ပြောစမ်းပါဦး'

ယို့ချီက လုံလီကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'အစ်ကိုကြီးရဲ့လက်ချက် မဟုတ်ဘူးလား'

ဟု မေးလေသည်။

'ဟား....ဟား....ဟား'

လုံလီက ဟားတိုက်ရယ်မောလိုက်လေသည်။

ယို့ချီက....

'မြင်းလှည်းမောင်းတဲ့ အစ်ကိုကြီးရဲ့ လက်ချက်ပဲဖြစ်တယ်လို့ လူတွေကပြောနေကြတာ'

လုံလီ ခေါင်းခါယမ်းလိုက်သည်။

'ငါ့လက်ချက် မဟုတ်ပါဘူးကွာ'

ယို့ချီက....

'အစ်ကိုကြီးကိုတောင် အာဏာသားတွေက ဖမ်းဆီးပြီး ကွပ်မျက်ခဲ့ကြသေးတယ် မဟုတ်လား'

'ဟုတ်တယ်လေ'



'အစ်ကိုကြီးကို လူဆိုးတွေက ဝင်ကယ်သွားခဲ့ကြတယ် မဟုတ်လား၊ ထိုက်ဂူတစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သေးတယ်'

လုံလီက....

'ဒါဟာ ငါ့အပေါ် အပြစ်ပိုကြီးသွားအောင် တကယ့်တရားခံအစစ်က တမင်ဖန်တီးခဲ့တာပေါ့'

ယို့ချီက....

'ကျွန်တော်လဲ ဒီလိုပဲတွေးမိပါတယ်၊ ဘာကြောင့်လဲဆိုရင် အစ်ကိုကြီးဟာ လူသတ်တရားခံ ဖြစ်ရမယ်ဆိုတာကို ကျွန်တော် မယုံကြည်လို့ပေါ့'

လုံလီ ပြုံးလိုက်လေသည်။

ယို့ချီက....

'တရားခံအစစ်ဟာ ဘယ်သူဘယ်ဝါဆိုတာကော အစ်ကိုကြီး သိပြီးပြီလား'

လုံလီ ခေါင်းခါယမ်းလိုက်သည်။

'ခုထိတော့ မသိရသေးဘူး'

ယို့ချီက....

'ဒါဖြင့် ကျွန်တော်ပြောပြမယ်'

လုံလီက....

'ကောင်းပြီ၊ ပြောစမ်းပါဦး'

ယို့ချီက....

'တကယ့်တရားခံအစစ်ဟာ ရှောင်ဂေဟာပဲဗျ'

ဟု ပြောလေသည်။

လုံလီ သက်ပြင်းချလိုက်လေသည်။

ယို့ချီသည် ရှောင်ဂေဟာအား အဘယ်ကြောင့် စွပ်စွဲနေရပါသနည်း။ အကြောင်းတော့ ရှိရပေမည်။

ထို့ကြောင့်....

'မင်းက ရှောင်ဂေဟာအပေါ် ဘာကြောင့် သံသယဝင်ရတာလဲ ပြောပါဦး'

ယို့ချီက....

'ရှောင်ဂေဟာ သခင်လေး ရှောင်ချိန်းနဲ့ သူဌေးသမီးလေး လင်းလင်းတို့ လက်ထပ်ကြမှာလေ၊ လင်းလင်းဟာ အင်မတန် ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက် ဆိုတာကို သူဌေးသားရှောင်ချိန်း က စုံစမ်းသိရှိ သွားပါလိမ့်မယ်၊ ဒါကြောင့် လင်းလင်းကို သာလက်ထပ်ယူရင် အကြီးအကျယ် အရှက်ကွဲရမှာကို စိုးရိမ်ပြီး သုတ်သင်ရှင်းလင်းပစ်တာ ဖြစ်မှာပါ'



လုံလီ သက်ပြင်းချလိုက်လေသည်။

ယို့ချီ၏ စကားဖြစ်နိုင်ကြောင်း တွေးမိလိုက်သည်။

ယို့ချီက...

'အစ်ကိုကြီး ရှောင်ဂေဟာကို သေသေချာချာ စုံစမ်းပါဗျာ၊ သူတို့ဟာ တရားခံတွေပါပဲ'

ဟု ကျိန်းသေပြောလေသည်။

လုံလီက....

'မင်းက သူတို့ကိုမှ သက်သေတွေ့ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော်ဒီမှာ လာပြီး စုံစမ်းနေတာ အတော်ကြာသွားပြီ'

'တခြားအာတွေ ထူးသေးသလဲ'

'ကျွန်တော်တော့ ရှောင်ချိန်းကို မသင်္ကာဘူး'

လုံလီ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်က ရှောင်ချိန်းရဲ့အကြောင်းကို စုံစမ်းပေးပါ့မယ်'

ယို့ချီက....

'ကျွန်တော် သွားမယ် အစ်ကိုကြီး၊ ကျွန်တော့်ကို တွေ့ချင်ရင် မြို့စွန်က ရွှေညွှန့်သည် တည်းခိုခန်းကို လာခဲ့ပါ၊ ကျွန်တော် ရှိပါတယ်'

'အေး....အေး....'

ယို့ချီသည် လုံလီအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

ယို့ချီ လမ်းကြားအတွင်းသို့ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ လုံလီကရှေ့ဆက်လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

လမ်းကြားထဲမှ ဖြစ်သည်။

လုံလီ ရင်ထိတ်သွား၏။

ယို့ချီ၏ အသံဖြစ်ကြောင်း ချက်ချင်း မှတ်မိလိုက်လေသည်။

'ယို့ချီ'

လုံလီက အော်ခေါ်လိုက်ပြီး လမ်းကြားအတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်လေတော့သည်။

* * *

## တရားခံ

---

လုံလီသည် လေ၏ လျင်မြန်ခြင်းမျိုးဖြင့် လမ်းကြားအတွင်းသို့ ဝင်ရောက်သွားလေသည်။

လမ်းကြားအတွင်းသို့ရောက်လျှင် မြေပေါ်၌ လဲကျနေသော ယို့ချီကို တွေ့လိုက်ရလေသည်။

'ယို့ချီ'

လုံလီကပြေး၍ ပွေ့ထူလိုက်လေသည်။

'ယို့ချီ၊ မင်း ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်သည်။

ယို့ချီ၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်။

သွေးခြင်းခြင်းနီရဲကာ ဒဏ်ရာပြင်းထန်စွာ ရရှိထားကြောင်း ထင်ရှားလေသည်။

ယို့ချီက...

'ကျွန်...ကျွန်တော့်ကို ရှောင်ဂေဟာကလူတွေ လုပ်ကြံသွားတယ်၊ သူတို့....'

ရှေ့ဆက်ပြောရန် အားယူလိုက်သော်လည်း ပါးစပ်ထဲမှ သွေးများစီးကျလာပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

'ယို့ချီ'

လုံလီ စိတ်မကောင်းဖြစ်သွားလေသည်။

သူဌေးကြီးလင်းဟူ သေဆုံးသွားပြီး သူဌေးသမီး လင်းလင်း ပျောက်ဆုံးနေသော ကိစ္စအတွက် လိုက်လံစုံစမ်းနေသော ယို့ချီမှာ လုပ်ကြံခံလိုက်ရပြီ ဖြစ်လေသည်။

လုံလီက အံကြိတ်ကာ....

'ယို့ချီ တရားခံအစစ်ကို ကျုပ်က ဖော်ထုတ်ပါ့မယ်'

ဟု ကတိပြုလိုက်လေသည်။

ထိုစဉ်....

'ဝှစ်'

လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

လုံလီ ရင်ထိတ်သွားသည်။



လက်တစ်ဖက်ကို ကပျာကယာ နောက်ပြန် ဆွေ့ယမ်းလိုက်၏။

'ဖပ်'

မြည်သံနှင့်အတူ ဓားမြှောင်သည် လုံလီ၏ လက်ထဲသို့ ရောက်ရှိလာလေသည်။

လုံလီက....

'မင်းရဲ့ ဓားမြှောင်ကို မင်းပြန်ယူ'

ဟု ပြောကာ လက်ဆွေ့ယမ်းလိုက်သည်။

ဓားမြှောင်မှာ တစ်ဟုန်ထိုး ပစ်လွင့်သွားလေသည်။

မရှေးမနှောင်းမှာပင်....

'အား'

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေသည်။

လုံလီ လှည့်ကြည့်လိုက်သောအခါ လူတစ်ယောက်က ဒယီးဒယိုင်ဖြင့် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

လုံလီက....

'မင်း... ပြေးလို့ လွတ်မလား'

ဟု အော်ငေါက်ကာ ပြေးလိုက်ပါသွားလေသည်။

* * *

ရှေ့မှ ဒယီးဒယိုင်ဖြင့် ပြေးသွားသူသည် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

လုံလီက လိုက်လံရှာဖွေလိုက်လေသည်။

ထွက်ပြေးသွားသူကို မတွေ့ရပါ။

'တောက်'

လုံလီက မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

ထိုစဉ်....

မြေလှမ်းမကမ်းတစ်နေရာ၌ သွေးစက်များ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

'ဟင်....'

လုံလီ ဝမ်းသာသွားလေသည်။

သွေးစက်ကိုခြေရာခံပြီး လိုက်သွားပါက ယို့ချီအားလုပ်ကြံသွားသူကို တွေ့ရလိမ့်မည် မဟုတ်ပါလား။

လုံလီသည် သွေးစက်များကို ခြေရာခံကာ လိုက်သွား၏။

သွေးစက်များသည် ဟိုတစ်ကွက်သည်တစ်ကွက် ရှိနေ၏။

လုံလီကား ခြေရာခံကာလိုက်သွားရာ မကြာပါချေ ခြုံဝင်း အုတ်နံရံကြီးတစ်ခုက ရှေ့၌ပိတ်ဆို့ကာဆီးနေသည်ကို တွေ့မြင်လိုက်ရလေသည်။



လုံလီကဲ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

အနီးအနားတွင် သွေးစက်များ ရှိမနေတော့ပါ။

ဤသို့ဆိုလျှင်....

ဒဏ်ရာရသွားသူသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

လုံလီက ရေညှိတက်နေသော အုတ်နံရံကိုကြည့်လိုက်သည်။

'ဒီအုတ်နံရံကို ခုန်ကျော်ဝင်သွားတာပဲ ဖြစ်လိမ့်မယ်'

လုံလီက ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ မြေပေါ်ခြေဆောင့်ပြီး အုတ်နံရံပေါ်သို့ ခုန်ကျော်လိုက်လေသည်။

သူ၏ခန္ဓာကိုယ် လေထဲသို့လွှားခနဲရောက်ရှိသွားပြီး နံရံကိုကျော်ကာ ခြံဝင်းတစ်ခုအတွင်းသို့ ကျရောက်သွားလေတော့သည်။

* * *

မြို့ဝင်းအတွင်းရှိလှပသော အဆောက်အအုံတစ်လုံး ရှိနေ၏။

လုံလီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မကြာပါချေ။

မြေပေါ်တွင် သွေးစက်များရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုံလီ ပြုံးလိုက်သည်။

သူ၏အတွေး မှန်ကန်နေသည် မဟုတ်ပါလား။

'မင်း ဘယ်ပြေးမလဲ'

ဟု ကြုံးဝါးကာ သွေးစက်များအတိုင်း ခြေရာခံကာ လိုက်သွားလေသည်။

သွေးစက်များသည် အဆောက်အအုံဆီသို့ ဦးတည်နေပါသည်။

လုံလီက ခပ်သွက်သွက် လိုက်သွားရာ အဆောက်အအုံအနီးသို့ ရောက်ရှိသွားလေသည်။

သွေးစက်ရှင်သည် အဆောက်အအုံအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခြင်း ဖြစ်ကြောင်း ထင်ရှားနေပါသည်။



လုံလီက အဆောက်အအုံအနီးသို့ ရောက်ရှိသွားချိန်တွင်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

လုံလီ ခြေလှမ်းရပ်သွားသည်။

လှမ်းကြည့်လိုက်သောအခါ အစောင့်နှစ်ယောက်ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

လုံလီသည် ထိုအစောင့်နှစ်ယောက်ကို မြင်လျှင်မြင်ချင်း ချက်ချင်း မှတ်မိလိုက်လေသည်။

ထိုအစောင့်နှစ်ယောက်မှာ ရှောင်ဂေဟာမှအစောင့်များ ဖြစ်ကြသည် မဟုတ်ပါလား။

'လက်စသတ်တော့ ခင်ဗျားကိုး'

အစောင့်များကလည်း လုံလီကို မှတ်မိသွားကြလေသည်။

'ရှောင်ဂေဟာထဲခိုးဝင်ချင်တာမကောင်းတဲ့အကြံအစည်ရှိလို့ပဲ ဖြစ်ရမယ်'

'ဟုတ်တယ်၊ ဆုံးမလိုက်ကြတာပေါ့'

ဟု ပြောကာ ခါးကိုယ်စီဆွဲထုတ်ပြီး ပြေးဝင်လာကြလေသည်။

လုံလဝီလည်းရှည်ရှည်ဝေးဝေးတွေးတောစဉ်းစားမနေဘဲ ဆီးကြို တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း....'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

အစောင့်နှစ်ယောက် မြေပေါ်လဲကျကာ သတိလစ်သွားကြလေတော့သည်။

လုံလဝီက အချိန်မဖြုန်းတော့ဘဲ....

ဖွင့်ထားသောအနောက်ဘက်တံခါးမှနေပြီး အဆောက်အအုံအတွင်းသို့ ဝင်သွားလေသည်။

အဆောက်အအုံအတွင်းသို့ရောက်ရှိသွားလျှင်....

* * *

## ကောက်ကျစ်သောအကြံ

လုံလဝီသည် အဆောက်အအုံ အတွင်းဘက်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ထိုစဉ်....

'ရပ်လိုက်စမ်း'

အော်ဟောက်သံ ထွက်ပေါ်လာ၏။

လုံလဝီလှမ်းကြည့်လိုက်ရာ သူ့အား မကျေမနပ်ကြည့်နေသော ရှောင်ဂေဟာပိုင်ရှင် ရှောင်ကျင်းကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျင်း၏ အဝတ်အစားများ၌ သွေးများပေကျံနေ၏။

သို့သော်....

ဒဏ်ရာတစ်စုံတစ်ရာ ရရှိထားပုံမတွေ့ရချေ။

လုံလီက ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ခင်ဗျားသားရှောင်ချန်း ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက....

'မင်းက ငါ့ရဲ့ဂေဟာထဲကို ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်လာတဲ့အတွက် မင်းကို ဖမ်းဆီးအရေးယူရလိမ့်မယ်'

ဟု ပြောလေသည်။

'ဟား....ဟား....ဟား'

လုံလီ ရယ်မောလိုက်လေသည်။

'နကာင်းတာပေါ့ဗျာ၊ အာဏာသားတွေရောက်လာကြရင် ခင်ဗျားရဲ့သားက သူဌေးကြီးလင်းဟူကို သတ်ပစ်လိုက်တဲ့ကိစ္စ ပေါ်ပေါက်သွားမှာပေါ့'

'ဘာကွ'

'ခင်ဗျားက အကြောင်းမသိဘဲ သူဌေးကြီးလင်းဟူရဲ့သမီးနဲ့ ခင်ဗျားရဲ့သားကို လက်ထပ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်၊



ဒါပေမယ့် နောက်ပိုင်းမှာ သူဌေးသမီးလင်းလင်းဟာ အင်မတန်ရှုပ်ပွေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာကို သိသွားပြီး သားဖြစ်သူနဲ့ သဘောမတူနိုင်တော့ဘူး၊ ဒါပေမယ့် လက်ထပ်ပွဲကျင်းပမယ်လို့လူသိရှင်ကြားကြေညာပြီးပြီဆိုတော့ ခင်ဗျား ဒုက္ခရောက်သွားတယ်၊ ဒီပြဿနာကို ဖြေရှင်းနိုင်အောင် သူဌေးကြီးလင်းဟူကို လုပ်ကြံလိုက်တာပဲမဟုတ်လား'

ရှောင်ကျင်းက အံကြိတ်လိုက်သည်။

'မင်း ဘာတွေပြောနေတာလဲ'

ဟု ဟောက်လိုက်လေသည်။

လုံလီက....

'သူဌေးသမီး လင်းလင်းလဲ ခုချိန်လောက်ဆိုရင် ခင်ဗျားရဲ့ လက်ချက်နဲ့ သေဆုံးသွားလောက်ပြီလို့ ကျုပ်ထင်တယ်'

ရှောင်ကျင်းက....

'သူသေသင့်တာပဲ'

ဟု လွတ်ခနဲပြောလေသည်။

'ဟား....ဟား....ဟား'

လုံလီက ရယ်မောလိုက်လေသည်။

ရှောင်ကျင်းသည် စကားပြောရင်း လွတ်ခနဲ ဝန်ခံလိုက်သလို ရှိနေပြီ မဟုတ်ပါလား။

'ခင်ဗျား မငြင်းနိုင်တော့ဘူး မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ရှောင်ကျင်းက....

'ကျုပ်က ငြင်းစရာမလိုပါဘူး၊ မင်းကို ကျုပ်က ကြောက်နေရမှာလား၊ အခု မင်းက ငါ့ရဲ့ပိုင်နက်ထဲ ရောက်နေပြီမဟုတ်လား'

လုံလီက....

'သူဌေးသမီး လင်းလင်း ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

ရှောင်ကျင်းက....

'သေပြီ'

'ဘာဗျ'

'ကျုပ်က သူတို့သားအဖ နှစ်ယောက်စလုံးကို သတ်ပစ်လိုက်တာ၊ ဒါပေမယ့် လင်းဟူရဲ့အလောင်းကို ချန်ထားပြီး လင်းလင်းရဲ့အလောင်းကို ဖျောက်ဖျက်ပစ်လိုက်တယ်၊ ဒါမှ အခြေအနေက ပိုပြီးရှုပ်ထွေးသွားလိမ့်မယ် မဟုတ်လား'

ရှောင်ကျင်းတို့သားအဖသည် တရားခံအစစ်များ ဖြစ်နေကြပါသည်။



သူတို့သည် ငြင်းမရတော့သဖြင့် မငြင်းတဲ့ ဝန်ခံလာပြီ ဖြစ်လေသည်။

လုံလီက....

'ဒီကိစ္စတွေကို ခင်ဗျားရဲ့သား ရှောင်ချန်းက လုပ်ခဲ့တာ မဟုတ်လား'

ရှောင်ကျင်းက....

'မဟုတ်ဘူး'

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုံလီက....

'ခင်ဗျား လိမ်ပြောနေလို့ အပိုပါပဲဗျာ၊ ခင်ဗျား ခုလို ဝန်ခံနေကတည်းက ခင်ဗျား လိမ်ပြောနေတယ်ဆိုတာ ထင်ရှားနေတာပဲ'

ရှောင်ကျင်းက....

'မင်း.... မင်း....'

လုံလီက....

'ခင်ဗျားရဲ့သားအတွက် ခင်ဗျား ခေါင်းခံနေလို့ အပိုပါပဲဗျာ'

'တောက်'

ရှောင်ကျင်းက ဒေါသတကြီး တက်ခေါက်လိုက်လေသည်။ လုံလီအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဖေဖေ ကျွန်တော့်ကိစ္စကို ကျွန်တော်ရှင်းမယ်'

စကားသံနှင့်အတူ ရှောင်ချန်း ရောက်ရှိလာသည်ကို တွေ့ရလေသည်။

* * *

ရှောင်ချန်း၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေသည်။ လုံလီ ပင့်လွှင့်လိုက်သော ခါးမြှောင်သည် ချက်ကောင်း ထိသွားခဲ့သည် မဟုတ်ပါလား။

'သား'

ရှောင်ကျင်းက ဒယီးဒယိုင်ဖြစ်နေသော ရှောင်ချန်းကို ပြေး၍ ပွေ့ဖက်လိုက်လေသည်။

'ဝုန်း'

ရှောင်ချန်းသည် မည်သို့မျှ မဟန်နိုင်တော့ဘဲ ဖခင်၏ လက်ပေါ်၌ လဲကျသွားလေသည်။



လုံလီက....

'ခင်ဗျားတို့ကသာ ကျုပ်အပေါ် အပြစ်ပုံမချခဲ့ကြဘူးဆိုရင် ခုလိုအဖြစ်မျိုးနဲ့ ကြုံတွေ့စရာအကြောင်း မရှိနိုင်ဘူးပေါ့ဗျာ'

ဟု ပြောလိုက်သည်။

ရှောင်ကျင်းကား လုံလီကို ဂရုမစိုက်နိုင်ပါ။

ရှောင်ချန်း၏ အခြေအနေ ဆိုးရွားနေသည် မဟုတ်ပါလား။

'သား....သား'

ဟု တကြော်ကြော် ခေါ်နေသည်။

ရှောင်ချန်း မထူးနိုင်တော့ပါ။

ထိုစဉ်....

'ဖေဖေ'

ကျယ်လောင်သောခေါ်သံ ထွက်ပေါ်လာသည်။

လုံလီ လှမ်းကြည့်လိုက်သောအခါ ပြေးဝင်လာသည့် ရှောင်ကောင်းကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ရှောင်ကောင်း၊ ကျူးဟုန်နှင့် သားဖြစ်သူ ရှောင်အင်းတို့ ရောက်ရှိလာကြလေသည်။

ရှောင်ဂေဟာရှင်ကြီး ရှောင်ကျင်းသည် ရှောင်ကောင်းကိုမြင်လျှင်...

'သားကြီး၊ မင်းရဲ့ညီလေးကို သူက သတ်ပစ်လိုက်ပြီကွ'

လုံလီကိုညွှန်ပြကာ ပြောလိုက်လေသည်။

ရှောင်ကောင်းနှင့် လုံလီတို့ မျက်နှာချင်းဆိုင်မိလိုက်ကြလေသည်။

ရှောင်ကောင်းက....

'လုံလီ မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဟု မချိတင်ကဲ မေးလိုက်သည်။

ရှောင်ဂေဟာ အဝေးရောက်နေသော သားအကြီးမှာ ရှောင်ကောင်းဖြစ်နေကြောင်း လုံလီ နားလည်လိုက်ပြီ ဖြစ်လေသည်။

ထို့ကြောင့်လည်း မြင်းလှည်းသမားအဖြစ်ဖြင့် ဇာတ်မြှုပ်နေရာမှစပြီး အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ရှောင်ကောင်းသည် လုံလီ၏စကားကို ဆုံးအောင်နားထောင်ပြီးတော့မှ....

'မင်းက ဇီးကွက်ကိုရှာတာ အကြောင်းရှိရမယ်လို့ ငါ ရိပ်မိခဲ့တယ်၊ 'ဒါကြောင့် ဇီးကွက်ဆီမှာ စုံစမ်းကြည့်လိုက်



တော့ မင်းဟာဝါ့အဖေငါ့ညီတွေနဲ့ပတ်သက်နေတယ်ဆိုတာကို သိလိုက်ရတယ်၊ ဒါကြောင့် ငါချက်ချင်းလိုက်လာခဲ့တာပဲ'

ဟု ပြောလေသည်။

လုံလီက....

'သူတို့ဟာ မင်းနဲ့ပတ်သက်နေကြတယ်လို့ ငါမသင်မိဘာ အမှန်ပဲ'

ရှောင်ကောင်းက....

'ခုတော့ မင်းရဲ့လက်ချက်ကြောင့် ငါညီ ဒုက္ခရောက်ရပြီ'

လုံလီက....

'ငါက သူ့ကို ဒုက္ခမရောက်စေချင်ပါဘူး၊ ဒါပေမယ့်'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ရှောင်ကောင်းက...

'လုံလီ ငါတို့ဟာ မိတ်ဆွေသူငယ်ချင်းတွေဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ငါ့ညီကိုသတ်ပစ်လိုက်တဲ့အတွက် မင်းကို ငါ ခွင့်မလွှတ်နိုင်ဘူး'

လုံလီ စိတ်မကောင်းဖြစ်သွားလေသည်။

'ရှောင်ကောင်း မင်းက ဘာကြောင့် အမှန်တရားကို လက်မခံနိုင်ရတာလဲ'

ရှောင်ကောင်းက....

'မလိုချင်ဘူး၊ ငါ့ညီကို သတ်ပစ်လိုက်တဲ့အတွက် ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

'မင်း....မင်း'

'လုံလီ မင်း သေဖို့သာပြင်ထား'

စကားဆုံးလျှင် ရှောင်ကောင်းက စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'မလုပ်နဲ့'

ကျူးဟုန်က ဟန့်တားလိုက်လေသည်။

သူမသည် ဆိုးသွမ်းလှသော ရှောင်အင်းလေးကို လက်ဆွဲထားပါသည်။

ရှောင်ကောင်းက ကျူးဟုန်ကို လှမ်းကြည့်လိုက်ပြီး....

'နင့်ပါးစပ်ပိတ်ထားစမ်း'

ဟု အော်ငေါက်လိုက်လေသည်။

ကျူးဟုန်က....

'ရှောင်ကောင်း နင့်ရဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်ဖို့ကောင်းပြီ'

'ဘာ'

'သူဌေးသမီးလင်းလင်းဟာ နင်နဲ့လဲ ချစ်ကြိုက်ဖူးတယ်၊ သူ့အကြောင်းကို နင်သိထားလို့ နင့်ညီနဲ့ ပတ်သက်လာတဲ့အခါ နင်က ကြားဝင်ခဲ့တာပဲ။ ဒီကိစ္စမှာ နင်လဲပါတယ်ဆိုတာ ငါသိတယ်'

ရှောင်ကောင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ဟုတ်တယ်၊ လင်းလင်းတို့ သားအဖကို လုပ်ကြံခဲ့တာ ငါတို့ညီအစ်ကိုနှစ်ယောက်ပဲ၊ ထိုက်ဝူမြို့မှာ ငါက မင်းကိုတွေ့ခဲ့တယ်၊ ဒါကြောင့် မင်းဒုက္ခရောက်အောင် အပြစ်ပုံချခဲ့တာကွ'



ဟု အားရပါးရ ပြောလာလေသည်။

လုံလီ သက်ပြင်းချလိုက်လေသည်။

'လက်စသတ်တော့ မင်းက ငါ့အပေါ် အကောက်ကြံခဲ့တာကိုး'

ရှောင်ကောင်းက....

'ဟုတ်တယ်၊ မင်းကို အမုန်းဆုံးလူဟာ ငါပဲဆိုတာ မှတ်ထား'

လုံလီ အံ့သြသွားသည်။

'မင်း ဘာကြောင့် ငါ့ကို ဒီလောက်တောင် မုန်းတီးနေရသလဲဆိုတာ ငါမစဉ်းစားတတ်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ရှောင်ကောင်းက....

'ဘာကြောင့် မုန်းရတယ် ဟုတ်လား'

လုံလီက....

'ဟုတ်တယ်'

ရှောင်ကောင်းက....

'ဟောဒီကလေးကြောင့်ပဲ'

ရှောင်အင်းလေးကိုညွှန်ပြကာ ပြောလိုက်လေသည်။

လုံလီ မျက်မှောင်ကြုတ်သွားသည်။

'ဒီကလေးကြောင့်'

'ဟုတ်တယ်'

'ဒီကလေးက ဘာဖြစ်လို့လဲ'

'ဒီကလေးက မင်းရဲ့ကလေး ဖြစ်နေလို့ပေါ့'

'ဘာ'

လုံလီ မယုံနိုင်အောင် ဖြစ်သွားလေသည်။

ကျူးဟုန်ကို လှမ်းကြည့်လိုက်၏။

ရှောင်ကောင်းက....

'မင်း မယုံရင် ကျူးဟုန်ကို မေးကြည့်ပါလား'

လုံလီက....

'ကျူးဟုန်....နင်....နင်'

သူက ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

ကျူးဟုန်က....

'ဟုတ်တယ်၊ ဒါနင့်ရဲ့ကလေးပဲ'

ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

လုံလီမှာ ကမ္ဘာမြေတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်သွားသည်ဟု ထင်မှတ်ခံစားလိုက်ရလေတော့သည်။

* * *

ရှောင်အင်း....

အလွန်ဆိုးသွမ်းသော ကလေး ရှောင်အင်းသည် လုံလီ၏ သားဖြစ်နေ၏။

မယုံနိုင်စရာကောင်းသောကိစ္စ ဖြစ်လေသည်။

ကျူးဟုန်က....



'လုံလီ နင့်ဆီကို မိုးသက်လေပြင်းကျတဲ့ တစ်ညမှာ ငါ ရောက်လာခဲ့တာကို နင်မှတ်မိသေးရဲ့လား'

ဟု ပြောလာလေသည်။

လုံလီ သက်ပြင်းချလိုက်ပြန်သည်။

အဖြစ်အပျက်များကို တဖြည်းဖြည်း သတိရလာပေါက်လာပြီ ဖြစ်လေသည်။

ကျူးဟုန်က....

'အဲဒီညက ရှောင်အင်းလေးကိုရခဲ့တာပဲ၊ နောက်ပိုင်း နင်ဟာ ဓားကျွန်းက ကွယ်ပျောက်သွားခဲ့တယ်၊ ဒါကြောင့် ငါ့ရဲ့အရှက်ကို ဖာကွယ်နိုင်အောင် ရှောင်ကောင်းကို လက်ထပ်လိုက်ရတာပဲ၊ ရှောင်အင်းဟာ နင့်ရဲ့သားအစစ်ပါပဲ'

ဟု ပြောလေသည်။

လုံလီက....

'ငါက ဒီလိုဖြစ်ပျက်ခဲ့မယ်လို့မထင်မိဘူး'

သူက ရှောင်ကောင်းဘက်သို့လှည့်ကာ....

'ရှောင်ကောင်း၊ မင်းက ငါ့သားကို စောင့်ရှောက်ထားခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ'

'ဟား....ဟား....ဟား'

ရှောင်ကောင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏ ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

အတန်ကြာရယ်မောပြီးမှ....

'ငါက သူ့ကို ဘယ်လိုစောင့်ရှောက် ထားတယ်ဆိုတာ မင်း တွေ့တယ် မဟုတ်လား'

ဟုပြောလေသည်။

လုံလီက....

'မင်း ဆိုလိုတာက....'

ရှောင်ကောင်းက....

'မင်းရဲ့သားကို လောကပေါ်မှာ ဆိုးသွမ်းဆုံး လူတစ်ယောက်ဖြစ်လာအောင် ငါက ပြုစုစောင့်ရှောက်ထားတာလေကွာ၊ ဟား....ဟား....ဟား'

'မင်း....မင်း....'

ယခု....

ရှောင်ကောင်း၏ သဘောထားကို လုံလီသဘောပေါက်လိုက်ရပြီ ဖြစ်လေသည်။

လုံလီက ကျူးဟုန်ကို လှမ်းကြည့်လိုက်သည်။

ကျူးဟုန်က....

'သူက ငါတို့သားအမိကို အငြိုးထားပြီးနှိပ်စက်ခဲ့တာပဲ၊ ဒါပေမယ့် ငါ့အမြစ်နဲ့ငါမို့ ကြိတ်မှိတ် သည်းခံနေခဲ့ရတာကြာပါပြီ'

လုံလီ ခံပြင်းလာလေတော့သည်။

ရှောင်ကောင်းကို စိုက်ကြည့်လိုက်ပြီး....

'ရှောင်ကောင်း၊ မင်း တော်တော် ယုတ်မာပါလား'



ဟု ပြောလိုက်သည်။

ရှောင်ကောင်းက....

'ငါက ကျူးဟုန်ကို မေတ္တာရှိခဲ့တယ်၊ ဒါပေမယ့် ကျူးဟုန်က မင်းကို မေတ္တာရှိခဲ့တယ်၊ ပြီးတော့ သူ့အချစ်ကို မင်းက ရယူနိုင်ခဲ့တယ်၊ ခုလဲ ငါ့ညီဟာ မင်းရဲ့လက်ချက်ကြောင့် သေရပြီ၊ မင်းကို ငါ ဘယ်တော့မှ မကျေဘူးကွ'

ဟု ဒေါသတကြီး အော်ပြောလာလေသည်။

တစ်ဆက်တည်းပင်....

'သေပေတော့'

ဟု ကြုံးဝါးကာ ဓားတင်လက်ဆွဲပြီး ပြေးဝင်တိုက်ခိုက်လာ၏။

သူ၏တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းအောင် ပြင်းထန်နေပါတော့သည်။

သို့သော်....

လုံလီက လုံးဝဂရုမစိုက်ဘဲ လက်ဝဲ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လျှင်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရှောင်ကောင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

ရှောင်ကောင်း မြေပေါ်လဲကျသွားလေသည်။

သို့သော် ချက်ချင်း ပြန်လည် လူးလိမ့်ထလာသည်။

သူက လုံလီကို တိုက်ခိုက်ခြင်းမပြုတော့ပါ။

ရှောင်အင်းထံသို့ပြေးသွားပြီး ဖမ်းဆုပ်ထားလိုက်သည်။

ကျူးဟုန်က....

'နင် ဘာလုပ်တာလဲ'

ဟု အော်ပြောကာ ရှောင်အင်းကို ပြန်လည် ဆွဲယူဖို့ ကြိုးစားလိုက်လေသည်။

သို့သော်....

'သွားစမ်း'

ရှောင်ကောင်းက လက်ပြန်ရိုက်ထုတ်လိုက်ရာ ကျူးဟုန် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ရှောင်ကောင်း'

လုံလီက အော်လိုက်သည်။

'ဟား....ဟား....ဟား'

ရှောင်ကောင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

လုံလီက....

'ရှောင်ကောင်း ကလေးကို လွှတ်လိုက်စမ်း'

ရှောင်ကောင်း ခေါင်းခါယမ်းလိုက်သည်။

'မလွှတ်ဘူး၊ မင်းရဲ့သားကို ငါသတ်ပစ်မယ်'

ထိုစဉ်....

'ဖေဖေ'

ရှောင်အင်းက အထိတ်တလန့်ခေါ်လိုက်လေသည်။



ရှောင်ကောင်းက....

'တိတ်စမ်း၊ ငါ့ကို အဖေလို့မခေါ်နဲ့'

ရှောင်ကောင်း၏ လက်တွေ့ရက်စက်မှုကို တွေ့လိုက်ရသောအခါ ရှောင်အင်းလေးမှာ အဖြစ်မှန်ကို နားလည်သွားလေတော့သည်။

လုံလီကား မိမိ၏သွေးမို့ ရင်ထဲနာကျင်သွားလေသည်။

'ရှောင်ကောင်း ကလေးကိုလွှတ်လိုက်ပါကွာ'

ဟု ပြောလိုက်သည်။

ရှောင်ကောင်းက....

'ငါက သူ့ကိုလွှတ်ပေးရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ကလေးကို လွှတ်လိုက်ပါကွာ'

ရှောင်ကောင်းက....

'လွယ်ပါတယ်၊ မင်းရဲ့ဝဲဘက်လက်ကို ဖြတ်ပစ်လိုက်ပါ၊ ကလေးကို လွှတ်ပေးလိုက်ပါ့မယ်'

'မင်း'

'ငါပြောသလိုမလုပ်ရင်တော့ ငါလဲ ကလေးကို မလွှတ်နိုင်ဘူး'

လုံလီသည် ဒုက္ခရောက်နေပြီဖြစ်သော ရှောင်အင်းကို ကြည့်ကာ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ရှောင်ကောင်းက....

'လုံလီ မင်း ဘာငိုင်နေတာလဲ'

ဟု အော်ပြောလိုက်သည်။

လုံလီ သက်ပြင်းချလိုက်သည်။

'ကောင်းပြီ၊ မင်းသာ ကတိတည်ပါစေ'

ဟု ပြောကာ ခေါင်းကိုဆွဲထုတ်လိုက်လေသည်။

'မလုပ်နဲ့'

ကျူးဟုန် အထိတ်တလန့် အားဆီးလိုက်လေသည်။

ရှောင်ကောင်းက ...

'မင်း ဘာလုပ်နေတာလဲ၊ မင်းရဲ့ ကလေး သေသွားစေချင်သလား'

ပြောပြောဆိုဆို ရှောင်အင်းကို လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

'ဝှစ်'

ခေါင်းတစ်လက်သည် ပစ်လွင့်လာပြီး ရှောင်ကောင်း၏ ရင်ဝ၌ စိုက်ဝင်သွားလေသည်။

'အား'

ရှောင်ကောင်း စူးရှစွာအော်ဟစ်ကာ လဲကျသွားတော့သည်။

လုံလီက လှမ်းကြည့်လိုက်သည်။

ထိုအခါ....

အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက်က တံခါးပေါက်၌ရပ်နေသည်ကို တွေ့ရလေသည်။

ထိုလူမှာ ခေါင်းသမား ဆင်းဆင်းအိဖြစ်လေသည်။

* * *



ဆင်းဆင်းအိက သက်ပြင်းချလိုက်သည်။

'ကျုပ်က မင်းနဲ့ ခေါင်းပညာယှဉ်ပြိုင်ချင်လို့ လိုက်ရှာနေခဲ့တာ၊ ခုတော့ မင်းရဲ့အဖြစ်တွေကို သိရပြီမို့ ယှဉ်ပြိုင်ချင်စိတ် မရှိတော့ပါဘူး'

ဟု ပြောလေသည်။

လုံလီက ဦးညွှတ်လိုက်သည်။

'ကျုပ်သားရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

ဆင်းဆင်းအိက ရယ်မောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ရှောင်ကျင်းက လဲကျနေသော သားနှစ်ယောက်ကိုကြည့်ကာ ငိုကြွေးနေသည်။

လုံလီက ကျူးဟုန်ဘက်သို့ လှည့်လိုက်၏။

ကျူးဟုန်က ရှောင်အင်းလေးကို ပွေ့ချီထားရာမှ ကြမ်းပြင်ပေါ် ချပေးလိုက်သည်။

'ဖေဖေ'

ရှောင်အင်းက လုံလီထံသို့ပြေးလာ၏။

၁၉၂ ▒ နန္ဒကျော်သူ

'သား'

လုံလီက ဆီးကြိုပွေ့ဖက်ထားလိုက်၏။

ကမ္ဘာမြေတစ်လွှားမှာ အမုန်းတရားများ ကွယ်ပျောက်ကာ မကြာမီ သာယာလှပလာတော့မည် ဖြစ်လေသည်။

(ပြီးပါပြီ)

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗလသိန်း
ဈေး ၁ ဒိ ရပ်ကွက်
ဖုန်း ၂၁၄၄၄

မိမိငှါးရမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်အကျွေးငှါးခ
အတွက်ပေါ်ပေးလျော်ရမည်။